# ရေးလာတဲ့စာ

## Independence စာစောင် အယ်ဒီတာခင်ဗျား

အောက်တိုဘာ ၁၆ ရက်နံနက်ပိုင်းက ကျနော်တို့ကွန်ဟိန်းမှာ နအဖအာဏာပိုင်တွေသူတို့ ညောင်နှစ်ပင်ညီလာခံ ထောက်ခံဖို့၊ ဗိုလ်သန်းရွှေရဲ့ ကန့်သတ်ချက် ၄ ချက် ကိုလက်ခံရင် ဒေါ်စုနဲ့ဆွေးနွေးမယ်ဆိုတဲ့အဆိုကို ထောက်ခံဖို့၊ သပိတ်မှောက်သံဃာထုကို သံဃာအတုအယောင်အဖြစ်ရှုပ်ချဖို့၊ ဒါ့အပြင် နိုင်ငံခြားအသံလွှင့်ဌာနများဖြစ်တဲ့ DVB , BBC , VOA , RFA တို့ဟာ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုဖြိုခွဲ၊ ပြည်ထောင်စုပြိုကွဲအောင်လုပ်တဲ့ အနောက်နိုင်ငံရဲ့ အာဘော်တွေဖြစ်တဲ့အတွက် နားမထောင်ဖို့ လူထုထောက်ခံပွဲလုပ်တာ ကျေးရွာ၊ တိုက်နယ်တိုင်း မတက်မနေရ အတင်းဆင့်ဆိုခဲ့ပါတယ်။

ထောက်ခံကြောင်းလူထုကို ဒို့အရေးအော်ခိုင်းတယ်။ ရှေ့မှာနေရာယူထားတဲ့ ကြံ့ဖွတ်နဲ့သူတို့လက်ကိုင်တုတ်တွေဘဲ အာဖြဲလျှာဖြဲ အော်ကြတယ်။နောက်တန်းက ဗမာစကားမတတ်တဲ့ ကျေးလက်လူထုအများစုကတော့ ဒို့အရေး အော်တာကို ဖေ့မာန့်အွေး (ဖေ့– စုန်းကဝေ၊ မာန့်– ဗမာစစ်တပ်) လို့ကြားတယ်တဲ့၊ အာဏာပိုင်တွေလုပ်တဲ့အစီအစဉ်ဘာလဲဆိုတာ သူတို့လုံးဝမသိကြဘူး။ မလွန်ဆန်နိုင်လို့သွားရတဲ့သူတွေချည်းပဲ။ ထောက်ခံပွဲတက်သူ အနည်းဆုံးတစ်သောင်းရှိစေရမယ်လို့ ပြောထားပေမဲ့ အများဆုံးသုံးထောင်မကျော်ပါဘူး။

ကွန်ဟိန်းမြို့နယ်ဥက္ကဌ ဦးအောင်တိုးက ကျေးရွာအုပ်စုဥက္ကဌ၊ ရွာသူကြီးတွေကို (၁၃၊၁၀၊၀၇) အစည်းအဝေးခေါ်တုန်းက ထောက်ခံပွဲတက်ရင်တယောက်ကို ၃၀၀၀ ကျပ်စီ ဆုချမယ်လို့အတည်ပေါက်ပြောတယ်။ ဒီလို အခမ့တက်ခိုင်းတဲ့ထောက်ခံပွဲကို အလုပ်ပျက်၊ အကိုင်ပျက် သွားတက်တဲ့ ပြည်သူတွေမြို့နယ် ဥက္ကဌပြောတဲ့ဆုငွေဆိုတာ မူးလို့ရှူစရာတောင်မတွေ့ဘူး။ အဝေးရွာကသွားရသူတွေ ထော်လာဂျီ၊ ကားခတစ်ယောက် ၆၀၀–၁၀၀၀ ကျပ်ကုန်တယ်။ခြေကျင်လျှောက်ရတဲ့ ရွာသားတွေရာနဲ့ချီရှိတယ်။ တပြားမှပြန်မရဘူး။ ထမင်းဟင်းဖိုး အားလုံးကိုယ့်အိတ်ကိုယ်စိုက်ဘဲ။ တချို့ရပ်ဝေးလူထုက မြို့ထဲအထိ ၄–၅ နာရီသွားရပေမဲ့အခမ်းအနားအချိန်က ၈း၀၀–၈း၃၀ နာရီဝက်ဘဲကြာတယ်။ အောက်တိုဘာ ၁၇ မိုင်းရှူး၊ ၁၈ ရက်တန့်ယန်းမှာလုပ်တယ်။ နမ့်စန်မှာလဲ ကွန်ဟိန်းထက် ၂–၃ ရက် စောပြီးလုပ်တယ်။ ပုံစံတူတွေချည်းပဲ။ ထောက်ခံပွဲလုပ်ဖို့ ရပခတိုင်းမှူးက အမိန့်ထုတ်တယ်လို့ပြောတယ်။ ထောက်ခံပွဲပျက်ကွက်ရင် သောင်းချီဒဏ်တပ်ခံရမဲ့အပြင် ကြီးလေးတဲ့ ပြစ်ဒဏ်/ ထောင်ဒဏ်ပေးမယ်လို့လဲ ခြိမ်းခြောက်သေးတယ်။

သျှမ်းပြည်သူ/သားတွေ အသိဉာဏ်နောက်ကျ၊ စီးပွားရေးမွဲပြာကျ၊ ပါးစပ်ဟခွင့်မရဘဲ နအဖခိုင်းသမျှ လုပ်ပေးနေရတယ်။ သျှမ်းလူထုရဲ့အဖြစ်ကို လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းတွေဆီ တိုင်ကြားပေးဖို့ Independence ဆီတင်ပြလိုက်ရပါတယ် ခင်ဗျား။

ကွန်ဟိန်းက

**စိုင်းမိန်း** ၁၇၊ ၁၀၊ ၀၇

## သံဃာ့တောင်းဆိုချက်ထောက်ခံ

“သံဃာတော်တွေတောင်းဆိုတဲ့ အချက် ၄ ချက်ပါ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထောက်ခံပါတယ်။တိုင်းပြည်မှာလိုအပ်နေတဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုတာ ဒီကနေ့ နိုင်ငံရေးအကြပ်အတည်းတွေကို ဖြေရှင်းရမဲ့တခုတည်းသော ထွက်ပေါက်ဖြစ်တယ်။သံဃာတော်တွေရဲ့တောင်းဆိုချက်ဟာ အလွန်သင့်မြတ်တဲ့အတွက် ကျနော်တို့ ထောက်ခံပါတယ်။”

“ပစ်ရပ်အဖွဲ့တွေ အပစ်ခတ်ရပ်ခဲ့မှုမရှိဘဲ လက်နက်ကိုင်ပြီးတော့ တိုင်းကျိုးပြည်ကျိုးဆောင်ရွက်နေတဲ့ အဖွဲ့အစည်း တွေအားလုံး ဒီနေ့ဆန္ဒပြတောင်းဆိုနေတဲ့ သံဃာတော်တွေရဲ့ ဦးဆောင်မှုအောက်မှာပါဝင်သင့်တယ်။”

ဦးအေးသာအောင် (ALD)

VOA ၂၅၊၀၉၊၀၇

## အပစ်ရပ်မွန်အဖွဲ့ သံဃာတွေကိုထောက်ခံ

“အပစ်ရပ်ထားတဲ့ ကျနော်တို့မွန်ပြည်သစ်ပါတီကလဲ သံဃာတော်တွေရဲ့ တောင်းဆိုချက်များကို ထောက်ခံတယ်။ မွန်လူထုလဲ ဆန္ဒပြ ထုတ်ဖော်ရာမှာ ပူးပေါင်းကြဖို့ဆော်သြထားတယ်”

“မွန်ပြည်သစ်ပါတီရဲ့ သဘောထားကတော့ အခုရဟန်း သံဃာတော်တွေဦးဆောင်နေတဲ့ ဆန္ဒပြထုတ်ဖော်မှုမှာ ကျနော်တို့မွန်ပြည်သစ်ပါတီအနေနဲ့ ကြိုဆိုထောက်ခံပါတယ်။”

နိုင်အောင်မငေး

မွန်ပြည်သစ်ပါတီ NMSP ပြောခွင့်ရပုဂ္ဂိုလ်

VOA ၂၅၊၀၉၊၀၇

## လူ့အခွင့်အရေး

# သျှမ်း/အရှေ့ ကျေးလက်သမီးပျိုများအား နယ်လှည့်စစ်ကြောင်း အဓမ္မပြုကျင့်

သျှမ်းပြည်အရှေ့ပိုင်း မိုင်းပြင်းအခြေစိုက် နအဖ စစ်တပ် နယ်လှည့်စစ်ကြောင်းများသည် ကျေးလက်သမီးပျိုများအား အဓမ္မပြုကျင့်လျက်ရှိကြောင်း တာချီလိတ်–မယ်ဆိုင် နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

အောက်တိုဘာ ၄ ရက်က မိုင်းပြင်းအခြေစိုက် ခလရ ၄၃ မှ ဗိုလ်ကြီး အောင်အောင် ဦးစီးသောအင်အား ၂၀ ရှိ စစ်ကြောင်း တစ်ကြောင်း မိုင်းပူးအွမ်တိုက်နယ်ဘက်နယ်လှည့်ထွက်စဉ်၊ မိုင်းပြင်းတောင်ဘက် ၄ မိုင်ခန့်အကွာယန်းမိုင်အုပ်စုအဝင်လမ်း ကျူတန်မောက်လမ်းဆုံအနီး တောင်ယာသွားစောင့်နေသူ နန်းဆိုင် (အသက် ၁၈ နှစ်) နှင့်တွေ့ဆုံရာ ၂ မိုင်ခန့်ဝေးသည့် ဝမ့်မိုင်ကုန်းခါးရွာနှင့် ကီလိုဝက်ခန့် အကွာ နမ့်ယင်ချောင်းဘေးသို့ ခြိမ်းခြောက်ဖမ်းခေါ်သွားပြီး ဗိုလ်ကြီး အောင်အောင်ကိုယ်တိုင်ဦးဆောင်၍ စစ်သား ၁၀ ယောက် အလှည့်ကျ အဓမ္မပြုကျင့်သည်ဟုဆို၏။

*"မနက် ၁၀ နာရီနဲ့ ၁၁ နာရီကြားမှာဖြစ်တယ်။နှမချင်း မစာနာ၊ သမီးချင်းမစာနာ အဓမ္မပြုကျင့်တာ နန်းဆိုင်ခမြာ ညနေတိုင်အောင် နေရာက မထနိုင်ဘူးတဲ့။ ကျွဲသွားရှာတဲ့ မိုင်းဖိုင်အုပ်စု ဝမ့်ပုံရွာက စိုင်းအင်းတာ့က သွားတွေ့မိတော့မှ အိမ်ပြန်ပို့ပေးတာ။ ရွာသူကြီးကို သူ့မိဘတွေ သွားတိုင်တော့လည်း၊ ဗမာစစ်သားတွေဒဏ်ပေးမှာ ကြောက်လို့ ဘယ်ကိုမှသွားမတိုင်ရဲဘူးတဲ့"* ဟု နယ်စပ်ရောက် မိုင်းပြင်း ဒေသခံတစ်ဦးက ပြောပြသည်။

နန်းဆိုင်သည် မိုင်းပြင်းမြို့နယ် ယန်းမိုင်အုပ်စု နားခေါ်ရွာနေ ဦးလုံးဆော–ဒေါ်ပါအိုင်းတို့၏ သမီးဖြစ်သည်။

စက်တင်ဘာလ ၂၃ ကလည်း မိုင်းပြင်း ခမရ ၅၂၈ မှ ဗိုလ်ကြီး တစ်ယောက်ဦးဆောင်သော စစ်သား ၃၆ ယောက်ပါ စစ်ကြောင်းသည် မိုင်းပြင်းအရှေ့ဘက် ၁၂ မိုင်ခန့်အကွာ ယန်းဟိုင်းအုပ်စုဘက်သို့ထွက်သွားရာ၊ ညနေ ၁၅း၀၀ နာရီ ခန့် ယန်းဟိုင်းသို့ဈေးဝယ် ပြန်လာသူ နန်းခမ်း (အသက် ၁၆ နှစ်) အား နမ့်တုံချောင်းဘေးတစ်ယောက်တည်း ထိုင်အနားယူနေသည်ကို တွေ့မိ၏။

နန်းခမ်းအားယန်းဟိုင်းဘက် ပြန်ခေါ်သွားကာ ဆုံမိသည့်နေရာနှင့် ၁ မိုင်ခန့်အကွာ နမ့်မတ်ရွာ နတ်စင်အနီး၌ စစ်ဗိုလ်နှင့် အတူ စစ်သား ၅ ယောက် ဝိုင်းအဓမ္မပြုကျင့်ပြီး ၁၆း၃၀ နာရီမှပြန်လွှတ်၏။ သတင်းပေါက်ကြားပါက တစ်မိသားစုလုံး သွားရောက်ပစ်သတ်မည်ဟု ပြောဆိုခြိမ်းခြောက်သဖြင့် နန်းခမ်းက မိဘများကိုသာ ပြောပြသော်လည်း ဆွေမျိုးများပါသိသွားရာမှ တရွာလုံးတီးတိုးသတင်း ပျံ့နှံ့သွားကြောင်း၊ကျေးရွာအုပ်စုဥက္ကဋ္ဌကလည်းမည်သူ့ဆီမှ အရေးယူတိုင်ကြားခြင်း မပြုရဲကြောင်းသိရသည်။

နန်းခမ်းသည် မိုင်းပြင်းမြို့နယ် ယန်းဟိုင်းအုပ်စု ဝမ့်အွန်ရွာနေ ဦးလုံးဆူးဝမ်း–ပါအိုင်တို့၏သမီးဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်က မိုင်းပြင်း ခမရ ၃၆၀ မှ ဗိုလ်ကြည်အောင် ဦးစီးသောတပ်သား ၁၀ ယောက်သည် မိုင်းပြင်းတောင်ဘက် ကျေးရွာများသို့ စစ်ကြောင်းလှည့်စဉ်တောထဲ မျှစ်ရှာထွက်သူ နားမီးဂျိုး (အသက် ၁၆ နှစ်)နှင့် ၎င်း၏မောင်လေးဂျဆီ (အသက် ၁၁ နှစ်) လားဟူ မောင်နှမ နှစ်ယောက်အား ဆုံမိလေသည်။

*"ဗိုလ်ကြည်အောင်နဲ့ စစ်သား ၁၀ ယောက်က သူ့မောင်လေး ဂျဆီရှေ့မှာတင်နားမီးဂျိုးကို မုဒိန်းကျင့်ကြတယ်။ ဝမ့်စန်း (ပလောင်ရွာ) အရှေ့ဘက် နမ့်အန်ချောင်းဘေးမှာ ဗမာစစ်သားယောက်တိုင်း အဓမ္မပြုကျင့်ကြတယ်။ ဘယ်သူ့ကိုမှ သွားမပြောရဘူး။ ပြောရင် တမိသားစုလုံး ပစ်သတ်မယ် ဘာ၊ ညာ ခြိမ်းခြောက်လိုက်တယ်တဲ့"* ဟု အဆိုပါ မိုင်းပြင်းဒေသခံက ပြောပြသည်။

၎င်းကဆက်၍ *"ကလေးမ ကပြန်မပြောရဲဘူး။ သူ့မောင်လေး က မိဘကိုပြန်ပြောပြတော့ တရွာလုံးပျံ့သွားတယ်။ ရွာသူကြီးက လည်း အားကိုးလို့မရဘူး။ နအဖစစ်သားကိုကြောက်တာလွန်ရော။ တာဝန်ယူ တိုင်ကြားပေးမဲ့သူမှမရှိတာ၊ ဒီတိုင်းဘဲပြီးသွားတာပေါ့"* ဟုဆို၏။

နားမီးဂျိုးတို့မောင်နှမသည် မိုင်းပြင်းမြို့နယ် ဟောင့်ကန်အုပ်စု ဟိုနားရွာနေ အဖ ဂျဝိုနှင့် အမိနားဖို့ တို့၏ သားသမီးများဖြစ်ကြပြီး မြို့ဈေးတက်ရောင်းရန် တောထဲ၌မျှစ်သွားရှာစဉ် စစ်သားများ၏ အဓမ္မပြုကျင့်မှု ခံရခြင်းဖြစ်သည်။ ❑

❑ ကနဦးပိုင်းမှာ ဗမာစစ်အစိုးရက သံဃာတော်နဲ့ ပြည်သူများ စုဝေးချီတက်ဆန္ဒပြတာကို ချက်ချင်းဘာမှမလုပ်သေးဘဲ ရက်ပိုင်းအတွင်းလွှတ်ထားပေးပြီး မျက်စိဒေါက်ထောက်ကြည့်နေခဲ့တာ ဘာ့ကြောင့်လဲ။

❑ အကြောင်းကတော့ အဲဒီဆန္ဒပြတဲ့ လူစုလူဝေးအကြားကြံ့ဖွံ့တွေ၊ စွမ်းအားရှင်တွေရောရောင် သပ်လျှိုစိမ့်ဝင်စေပြီးဦးဆောင် လှုပ်ရှားသူ၊ စည်းရုံးလှုံ့ဆော်သူနဲ့ ဆန္ဒပြမှုဆိုင်ရာ ကာလဒေသ ပုဂ္ဂလ၊ ကွန်ယက်၊ အဆက်အသွယ်၊ အချက်အလက်အားလုံးကို အရင်ဆုံးထောက်လှမ်းမှတ်သားစုဆောင်းဖို့ အချိန်ယူနေခဲ့တာဖြစ်တယ်။

# လင်းခေးဪင်နှစ်ပင်ထောက်ခံပွဲ မဖြစ်မနေတက်ရန် နအဖ ဆင့်ခေါ်

လင်းခေးခရိုင် လင်းခေးမြို့တွင် ကျင်းပသည့် ဪင်နှစ်ပင်ညီလာခံသို့ မဖြစ်မနေတက်ရောက်ရန် ခရိုင်အာဏာပိုင်များ ဆင့်ခေါ်ခဲ့သည်ဟု သျှမ်းပြည်တောင် ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

သျှမ်းပြည်တောင်ပိုင်း လင်းခေးတွင် နအဖအခြေခံဥပဒေထောက်ခံပွဲနှင့် ရဟန်းတုဆူပူအုံကြွမှုဆန့်ကျင်ပွဲကျင်းပမည်ဖြစ်ရာ မိုးနဲ၊ လင်းခေး၊ ဝမ့်ဟတ်၊ မောက်မိုင်၊ နားကုန်း၊ ကျိန်းတောင်း၊ မိုင်းပန်နေလူထုအားတစ်မြို့နယ်လူဦးရေ ၁,၀၀၀ ထက်မနဲအောက်တိုဘာ ၄ ရက် နောက်ဆုံးထားပြီး လင်းခေးသို့အရောက်သွားရသည်ဟု မိုင်းပန်ဒေသခံ တစ်ယောက်ကပြောပြသည်။

*“မိုင်းပန် မယက ဦးစံဝင်းကဆင့်ခေါ်တာ။ ရပ်ကွက်တိုင်း အုပ်စုတိုင်း တအိမ်တယောက်သွားရတယ်။ တစ်ယောက်ကို ထင်း ၃ ချောင်း၊ ဆန် နို့ဆီဗူး ၃ ဗူးနဲ့ ပိုက်ဆံ ၅၀၀ ကျပ်ယူသွားရတယ်။ ခရီးစားရိတ်လဲ အိတ်စိုက်ဘဲ”* ဟု မိုင်းပန်ဒေသခံတစ်ဦးကပြောပြသည်။

၄င်းကဆက်၍ *“ကြံ့/ဖွံ့ ၊ စွမ်းအားရှင် အသင်းဝင်ခိုင်းတုန်းကလည်းကိုယ့်မိသားစုနဲ့ ကိုယ့်အသိုင်းအဝိုင်း စီးပွါးရေးလုပ်ရလွယ်စေချင်လို့၊ ချောတွေဘာတွေလွတ်ဖို့ ရည်ရွယ်ပြီးဝင်ကြတာ။ ဘယ်သူမှ စေတနာအလျောက် ဝင်ကြတာမဟုတ်ဘူး”* ဟုဆိုသည်။

လင်းခေးဒေသခံတစ်ဦး၏ အဆိုအရ *“ဪင်နှစ်ပင်ညီလာခံကိုထောက်ခံရတယ်။(၂) ဗမာပြည်မှာ ဆူပူအုံကြွတဲ့ ဘုန်းကြီးတုတွေကိုရှုပ်ချရတယ်။ မသွားမနေရ၊ မသွားချင်ဘူးဆိုတဲ့အိမ်ကိုလက် ညှိုးထိုးပြပါ၊ ကြီးလေးတဲ့ပြစ်ဒဏ်ပေးမယ်လို့ဆိုလာတော့ တိုင်းရေး ပြည်ရေးထက် ဝမ်းရေးကခက်တော့၊ မသွားချင်လဲ မတတ်နိုင်ကြဘူး”* ဟုပြောပြသည်။

သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံတွင်လည်း အောက်တိုဘာ ၁ ရက်နေ့ နအဖအခြေခံမူထောက်ခံပွဲ ကျင်းပသဖြင့် မြို့ နယ်အသီးသီးကို စက်တင်ဘာ ၃၀ ရက်နေ့အရောက် အာဏာပိုင်တို့ ဆင့်ဆိုခဲ့သည်။ ထပ်မံရရှိသောသတင်းအရ လူများစုဝေးပြီး နအဖဆန့်ကျင်ရေးဆန္ဒပြပွဲသို့ပုံစံပြောင်းသွားမည်စိုးရိမ်သဖြင့် ထောက်ခံပွဲကျင်းပသည့်အောက်တိုဘာ ၁ ရက် နံနက်အစောကြီး စထွက်ကာ နံနက် ၇း၀၀ နာရီ မထိုးမီ ကျိုင်းတုံဘော်လုံးကွင်းသို့ ရောက်ရှိစုဝေးစေပြီး အခမ်းအနားပြီးသည်နှင့်နေ့လည်ပိုင်း၌ တာချီလိတ်သို့ နေ့ချင်းပြန်တပ်ခေါက်ခဲ့ရသည်။

❏

# တောင်ကြီး၌ ဗိုလ်သန်းရွှေ၏ကန့်သတ်ချက် ၄ ရပ်ထောက်ခံရန် မြို့နယ်တိုင်းလူထုအား ထပ်မံဆင့်ခေါ်



Photo : Website

**စစ်အာဏာဖြင့် အဓမ္မဆင့်ဆို ဒင်းတို့ကို ထောက်ခံခိုင်း**

စစ်အစိုးရ ညီလာခံထောက်ခံပွဲ၊ အခြေခံဥပဒေကြိုဆိုပွဲ၊ သံဃာတုများ ဆူပူမှုရှုပ်ချပွဲနှင့် နအဖဥက္ကဌ၏ ကြိုတင်ကန့်သတ်ချက် ၄ ချက်ထောက်ခံပွဲကို အောက်တိုဘာလအတွင်း တောင်ကြီး၌ ထပ်မံကျင်းပမည်ဖြစ်ရာ ရပခတိုင်းအောက်ရှိမြို့နယ်များမှ တစ်မြို့နယ်လူဦးရေ ၁၀၀၀ ထက်မနဲ တောင်ကြီးသို့ ထပ်မံချီတက်ရမည်ဟု ဆင့်ခေါ်ထားကြောင်း ကွန်ဟိန်းဒေသခံတစ်ဦးက ပြောပြသည်။

“တစ်မြို့နယ် အနဲဆုံးအယောက် ၁၀၀၀ ဆင့်ခေါ်တယ်။ တောင်ကြီးကို သွားရတယ်။ ထောက်ခံတယ်လို့ သွားအော်ဖို့အမိန့်ချတယ်။ မသွားလို့မရဘူး။ မသွားတဲ့လူ မြို့နယ်ရုံးပုံငွေ ၂,၀၀၀ ကျပ် ဒဏ်ငွေ ၂၀,၀၀၀ ကျပ်၊စုစုပေါင်း ၂၂,၀၀၀ ကျပ်ပေးရမယ်။ ထောင်ဒဏ်ဘာညာဒဏ်တွေလဲရှိဦးမယ်လို့ပြောတယ်” ဟု ၄င်းကပြောသည်။

“ကျမတို့ ကွန်ဟိန်း မှာ ၁၂ ရက်နေ့တုန်းက ဪင်နှစ်ပင်ညီလာခံထောက်ခံပွဲ၊ အခြေခံဥပဒေကြိုဆိုပွဲကျင်းပမယ်ဆိုပြီးတော့ ခေါ်ထားတယ်။ ဒါပေမဲ့ ၁၆ ရက်နေ့ကို ရက်ရွှေ့လိုက်တယ်၊ ဘာကြောင့်လဲတော့မသိဘူး။ ပြီးတော့ ထောက်ခံပွဲသွားတက်တဲ့ သူတစ်ယောက်ကျပ် ၃၀၀၀ စီပေးမယ်လို့လဲ ပြောထားတယ်။ ဒါပေမဲ့ လူပေါင်းသောင်းချီတာ။ သူတို့ ဘယ်ကပိုက်ဆံနဲ့ပေးမလဲ” ဟု ကွန်ဟိန်းမြို့သူတစ်ဦးက ဆက်ပြောပြသည်။

နအဖဥက္ကဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်မှ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေး၊ အလုံးစုံ

# ဘုန်းကြီးကျောင်း စောင့်ကြပ်စစ်ဆေးမှုကြောင့်

## တရားအားထုတ်သူများ လျော့ပါး

ဘုန်းကြီးကျောင်းများအတွင်း အမြဲ တမ်း စောင့်ကြပ်စစ်ဆေးမှုကြောင့် နမ့်ခမ်းမြို့၌တရားအားထုတ်သူ ဝါတွင်းဝတ် ဒုလ္လဘများ၊ ဥပုတ်သည်များနှင့် ယောဂီများ ယခင်နှစ်က ထက်လျော့ပါးသွားကြောင်း သျှမ်းပြည်မြောက်ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

သျှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းအခြေစိုက် နအဖစစ်အာဏာပိုင်များသည် နမ့်ခမ်းမြို့ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ နမ့်တီး၊ မိုင်းဝီးသွားလမ်းရှိ (တောရကျောင်း) မှဘုန်းကြီးများနှင့် ဂေါပကများအားမကြာခဏ စစ်ဆေးမေးမြန်းကြသည်ဟု ဆိုပါသည်။

*"တောရကျောင်းမှာ သံဃာတော် အပါး ၃၀ လောက်ရှိတယ်။ အရင်နှစ်တွေမှာ ဝါတွင်း ဥပုတ်စောင့်တရားအားထုတ်တဲ့ ဒုလ္လဘနဲ့ ယောဂီ ၈၀၀ လောက်ရှိတယ်။ ဓါတ်ဆီဈေးတွေ ကုန်ဈေးနှုန်းတွေတက်ပြီး ပြည်သူတွေ အဘက်ဘက် ပိုမိုကျပ်တည်းလာတော့ ဒီနှစ် ယောဂီ ၅၀၀ ပါးဘဲရှိတယ်။ စစ်ပုလိပ်တွေ ဆရာတော်ကို စစ်လားဆေးလား လုပ်တော့ ဝါတောင်မကျွတ်သေးဘူး ယောဂီတွေအားလုံး အိမ်ပြန်သွားရတယ်"*ဟု တောရကျောင်းသို့ ဝေယျာဝစ္စအမြဲသွားလုပ်သူ နမ့်ခမ်းဒေသခံ တစ်ဦးက ပြောပြသည်။

*"ဘုန်းကြီးကျောင်းတွေ စောင့်ကြပ်စစ်ဆေးဖို့ ခေါင်းဆောင်က နမ့်ခမ်း ပုလိပ် ဒုရဲအုပ် လှဝင်းက တာဝန်ယူတယ်။ သူ့ လူတွေကို အရပ်ဝတ်၊ ဝတ်ခိုင်းပြီး ဘုန်းကြီးကျောင်းတွေမှာ နေ့တိုင်းသွားစောင့်ကြည့်ခိုင်းတယ်"* ဟု အာဏာပိုင်များနှင့် ရင်းနှီးကျွမ်းဝင်သူ နမ့်ခမ်းဒေသခံ တစ်ဦးက ဆိုပါသည်။

နမ့်ခမ်း ဘုန်းကြီးကျောင်းတစ်ကျောင်းမှ ကျောင်းထိုင်ဆရာတော်တစ်ပါးက "*ညကြီး မင်းကြီး ကောင်းကောင်းမအိပ်ရဘူး။ ကင်းလှည့်စစ်သားတွေ ယောဂီတွေကို လာပြီးအန္တရာယ်ပြုမှာစိုးလို့ ခွေးဟောင်သံကြားရင် ထွက်ထွက်ကြည့်ရတယ်*" ဟု မိန့်ဆိုပါသည်။

---

ပိတ်ဆို့ရေး (လုံ့ဆော်မှု၊ထောက်ခံအားပေးမှု) တို့ကို စွန့်လွှတ်ကြောင်း ကြေငြာရမည်ဟု မြန်မာ့ရုပ်မြင်သံကြားတွင် အောက်တိုဘာလ ၄ ရက် ည ၈ နာရီက ထုတ်လွှင့်ကြေငြာခဲ့သည်။

စစ်အစိုးရအားထောက်ခံပွဲကျင်းပရန် လူထုအားဆင့်ခေါ် နေချိန်အတွင်း တဘက်တလမ်းကလည်း ဒေသခံမိဘပြည်သူများအဖို့ ဗမာပြည်သို့ သွားရောက်ပညာသင်ယူစဉ် စစ်အစိုးဖမ်းဆီးထားသော သားကိုရင်/ပဉ္စင်းများအတွက် စိုးရိမ်ပူပန်နေကြကြောင်း အဆိုပါ ကွန်ဟိန်းမြို့သူက ဤသို့ဆက်လက် ပြောပြ၏။

"ရန်ကုန်ကို ပညာသွားသင်တဲ့ သျှမ်းပြည်ကသံဃာတော် တော်တော်များများအဖမ်းခံရတယ်။ တချို့လဲ ပြန်လွှတ်လာတယ်။ ရန်ကုန်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သျှမ်းကိုရင်အပါး ၈၀ လောက်ရှိတယ်။ စက်တင်ဘာ ၂၈ ညမှာစစ်တပ်က ဝင်ရောက်ဖမ်းဆီးတယ်။ ကွန်ဟိန်းကကိုရင် ၆ ပါးပါသွားတယ်။ အခုထိပြန်မလွှတ်လာသေးဘူး။ ကိုရင့်မိဘတချို့တော့ဘာမှမတတ်နိုင်တဲ့အဆုံးနေ့တိုင်း ကိုးမြို့ရှင်နတ်နန်းဆီသွားပြီး ပူဇော်ပသငိုယို၊ ဆုတောင်းပေးနေတယ်" ဟုဆို၏။

တောင်ကြီးမြို့တွင်ယခုလ ၅ ရက်က နအဖညောင်နှစ်ပင် ညီလာခံထောက်ခံပွဲ အခြေခံဥပဒေ ကြိုဆိုပွဲကျင်းပခဲ့ပြီး၊ ယခုတဖန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကန့်သတ်ပြဌာန်းချက် ၄ ချက် ထောက်ခံပွဲအတွက်ဒုတိယအကြိမ်ဆင့်ခေါ် ခြင်းဖြစ်သည်။

## စစ်အုပ်စု ဖွဲ့စည်းပုံဘယ်လဲ?

### လူထုဆန္ဒခံယူပွဲခံယူဖို့ အချိန်ဆွဲစောင့်ဆိုင်းနေတဲ့ နအဖ အခြေခံဥပဒေ

ဗမာ့နည်းဗမာ့ဟန် စည်းကမ်းရှိသော ဒီမိုကရေစီအတွက် ဖေါ် မြူလာပုံသေနည်း–

- ❑ လွှတ်တော်အတွင်းနှင့် အုပ်ချုပ်ရေးအဆင့်တိုင်းတွင် စစ်ဗိုလ်တမတ်သား ခန့်အပ်ပါဝင်စေမည်။
- ❑ နိုင်ငံတော်သမတသည် စစ်ဗိုလ်ဖြစ်ရမည်။
- ❑ ကာကွယ်ရေးဝန်ကြီးဌာနနှင့် (ဘဏ္ဍာရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့ကဲ့သို့) အခြားအရေးကြီးသော ဝန်ကြီးဌာနများကို စစ်ဗိုလ်များကိုင်မည်။
- ❑ စစ်ဘက်အသုံးစားရိတ်ဘတ်ဂျက်ကို တပ်မတော်က မိမိဘာသာသတ်မှတ်ဆုံးဖြတ်မည်။ အရပ်သားအစိုးရမှသိရှိစွက်ဖက်ခွင့်မရှိ။
- ❑ ကာကွယ်ရေးဦးစီးချုပ်တွင် အရေးပေါ် အခြေအနေ ကြေငြာနိုင်သည့် အခွင့်အာဏာရှိပြီး လိုအပ်သည်ဟု ယူဆလျှင်အချိန်မရွေး အာဏာသိမ်းနိုင်သည်။

**နအဖ ယာယီဝန်ကြီးချုပ် ဒုဗိုလ်ချုပ်ကြီးသိန်းစိန် တင်ပြသော ၃၊ ၉၊ ၀၇ ညောင်နှစ်ပင်ညီလာခံ အပိတ်မိန့်ခွန်းကို ကိုးကားထားသည်**

Larry Jagan, "A social volcano ready to erupt"
Bangkok Post, 21 Sept. 2007 , P. 10 မှ ကောက်နုတ်ချက်

## စစ်ရေး

# တပ်ပြေးနှစ်ယောက် လိုက်ရှာသည့် နအဖ တပ်ရင်းနှစ်ရင်း ချင်းပစ်ခတ်

ယခုလဆန်းပိုင်းက သျှမ်းပြည်တောင်ပိုင်း ကျေးသီးအခြေစိုက် နအဖစစ်တပ်မှ တပ်သား ၂ ယောက်ထွက်ပြေးရာ ၄င်းတို့အား လိုက်လံရှာဖွေသည့် တပ်စုတစ်စုနှင့် ထိပ်တိုက်ပစ်ခတ်ကြရာ တပ်ကြပ်ကြီး အပါအဝင် သုံးယောက်ကျဆုံး၊ ၁ ယောက် အပြင်းအထန် ဒဏ်ရာရရှိပြီး တပ်ပြေး ၂ ယောက်စလုံး သေဆုံးကြောင်း သျှမ်းပြည်အလယ်ပိုင်း သတင်းရပ်ကွက်က ဆိုပါသည်။

အောက်တိုဘာလ ၃ ရက်နေ့က ကျေးသီးအခြေစိုက် ခမရ ၅၇၈ မှ တပ်သားကြည်စိုးနှင့်တပ်သားမြင့်စိုးတို့ ၂ ယောက် MA သေနတ်နှစ်လက်နှင့်အတူထွက်ပြေးရာ စကခ ၁၇ လက်အောက်ခံကျေးသီး အခြေစိုက် ဟမ်းငိုင်းဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးက ခမရ ၅၇၈ မှ ဒုဗိုလ်ထွန်းလင်းဦးစီးသည့် တပ်စုတစ်စုအား ထိုတပ်ပြေးနှစ်ယောက်ကို မရမနေ လိုက်လံရှာဖွေစေသည်ဟုဆို၏။

*"၄ ရက်မနက်က ကျေးသီးမြို့နယ် ဝမ့်ခုန့်အုပ်စု ကုန်းညောင်ရွာတောင်ဘက် တောထဲမှာ လိုက်ရှာတဲ့တပ်စုနဲ့ တပ်ပြေးနှစ်ယောက် သွားတိုးတော့၊ တပ်စုတွေကဝိုင်းပစ်တယ်။ တပ်ပြေးကလည်းခံပစ်တော့ တပ်စုဘက်ကတပ်ကြပ်ကြီးကျော်ခိုင် တပ်ကြပ်ကြီးဖေစန်းနဲ့ တပ်သားဟိန်းသူလွင် ပွဲချင်းပြီးသေတယ်။ ဒုတပ်ကြပ် သိန်းထိုက်ကတော့ ဘယ်လက်ဖျံမှာ ကျည်ဝင်ပြီး ညာဗိုက်ဘက်ဖေါက်သွားတယ်။ အူတွေထွက်လာတယ်။ ဒဏ်ရာအတော် ပြင်းတယ်"* ဟု စစ်တပ်အသိုင်းအဝိုင်းနှင့် နီးစပ်သူ ဒေသခံတစ်ဦးကပြောပြသည်။

တပ်ပြေး ၂ ယောက်စလုံးလည်း ကျဆုံးကာ ၄င်းတို့ယူဆောင်သွားသော MA ၂ လက်၊ လက်နက်ငယ် ၄ လက်နှင့် ကျည်အိမ်များကို တပ်စုမှ ပြန်လည်သိမ်းယူရရှိခဲ့သည်ဟုဆိုပါသည်။ ၄င်းတို့သည် နံနက် ၆း၀၀ မှ ညနေ ၃း၀၀ နာရီအထိ ရပ်လိုက် ပစ်လိုက် အချင်းချင်းတိုက်ခိုက်ကြခြင်း ဖြစ်သည်။

*"မနက်စောစောကတည်းက သေနတ်သံကြားရတယ်။ ညနေ ၃ နာရီလောက်အထိဘဲ။ ဗမာစစ်သားနဲ့ သျှမ်းစစ်သားချတယ်လို့ ကျမတို့ ထင်နေကြတာ။ ညနေရောက်မှ ဗမာအချင်းချင်း ပစ်ခတ်နေကြမှန်း သိတော့တယ်"* ဟု ကုန်းညောင်ရွာ ဒေသခံတစ်ဦးက ပြောပြသည်။

တပ်ပြေးနှစ်ယောက်မှာလည်း ပါလာသောသေနတ်မှ ကျည်ကုန်သည်အထိ ပြန်လည်ခုခံပစ်ခတ်ခဲ့ရာမှ နောက်ဆုံးမလွတ်နိုင်တော့ဘဲ သေဆုံးခဲ့ရသည်ဟု ဆိုသည်။ ❑

# ဖိနှိပ်မှု လွန်လွန်း၍ ဒုရင်းမှူးအား ဆက်သွယ်ရေးတပ်သား ပစ်သတ်

ဟိုမိန်းအခြေစိုက် နောင်အော့တပ်စခန်း ခမရ ၅၁၀ မှကြေးနန်း ဆက်သွယ်ရေးတပ်သားတစ်ဦးသည် အမြဲမပြတ်ဆဲဆို ဖိနှိပ်လွန်းသော ဒုတပ်ရင်းမှူးအား MA1 ဖြင့်ပစ်ခတ်ရာ ပွဲချင်းပြီးသေဆုံးကြောင်း မယ့်ဟောင့်ဆွမ် နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

လွန်ခဲ့သည့် နှစ်လခန့်က တောင်ကြီးမှ ပြောင်းရွှေ့လာခဲ့စ ဟိုမိန်း အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာနောင်အော့၌ တပ်စခန်းချသည့် ခမရ ၅၁၀ ဒုတပ်ရင်းမှူးသည် လက်အောက်ငယ်သားများအပေါ် အာဏာအလွန်အမင်းသုံး၊ ခိုင်းစေ၊ ရိုက်နှက်၊ မိဘမျိုးရိုးပါမကျန် ဆဲဆိုကြိမ်းမောင်းတတ်သည်ဟုဆို၏။ အောက်တိုဘာ ၁၀ ရက် ညသန်းခေါင်ကြေးနန်းဆက်သွယ်ရေး တပ်သားလှမျိုးကြည် အလုပ်မလုပ်ဟူသော စွပ်စွဲချက်ဖြင့် ၁၁ ရက်နံနက် ၆ နာရီ ဒုတပ်ရင်းမှူးမှ ချက်ချင်းခေါ် ခိုင်းကာ မမေးမမြန်းဘဲ ဆဲရေးတိုင်းထွာလိုက်သည်။ တပ်သားလှမျိုးကြည်က မခံမရပ်နိုင် ခံပြင်းလွန်းသောကြောင့် MA1သေနတ်ဖြင့် ဒုတပ်ရင်းမှူး ဗိုလ်မှူးမျိုးလှိုင်အား ၆ ချက် ပစ်ခတ်ရာပွဲချင်းပြီး သေဆုံးသွားသည်ဟု ဆိုပါသည်။

*"တပ်သားလှမျိုးကြည်ကို ဖမ်းချုပ်ထိပ်တုံးခတ်ထားလိုက်တယ်။ မကြာဘူး သေဒဏ်ပေးလိုက်ပြီလို့ သတင်းထပ်ကြားတယ်"* ဟု ဟိုမိန်းစစ်တပ်အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးက ပြောပြသည်။

သေဆုံးသူ ဒုတပ်ရင်းမှူး ဗိုလ်မှူးမျိုးလှိုင်သည် (ယခု) ရပခ စစ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၏ ကိုယ်ရေးအရာရှိ PA အဖြစ် ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ဗိုလ်မှူးမျိုးလှိုင် သေဆုံးစဉ် ဟိုမိန်းသို့ ၄င်းဇနီး သွားရောက်လည်ပတ်နေချိန်သုံးရက်သာရှိသေးသည်ဟုဆို၏။

နအဖစစ်တပ်အတွင်း အထက်အရာရှိများက လက်အောက်ငယ်သားများအပေါ် အာဏာပါဝါသုံး၊ ခိုင်းစေဖိနှိပ် ခေါင်းပုံဖြတ်လွန်းသောကြောင့် တပ်ပြေးများတနေ့ထက်တစ်နေ့ ပိုမိုများပြားလာသဖြင့် ကွန်ဟိန်းဗျူဟာမှူး ဒုဗိုလ်မှူးကြီးတင်မောင်ဆွေသည် အထက်ညွှန်ကြားချက်အရ တပ်သားသစ်ရှာဖွေစုဆောင်းရန် တပ်ခွဲ၊ တပ်စု ၊ တပ်စိတ်မှူးများအား ဆင့်ဆိုထားသည်ဟုဆို၏။

"တပ်သားသစ် တစ်ယောက်ရှာနိုင်ရင် ဆုငွေကျပ်တစ်သိန်းပေးမဲ့အပြင် ရာထူးလည်းတိုးပေးဦးမယ်လို့ပြောတယ်။ ဘယ်သူမှ စစ်တပ်ထဲမဝင်ချင်ဘူး။ဗမာပြည်ကလာတဲ့လက်လုပ်လက်စားတွေတောင် မဝင်ချင်ကြဘူး။ မနှစ်ကလည်း ရှာခိုင်းတာတပ်သားသစ် ၃ ယောက်ဘဲရတယ်" ဟု ကွန်ဟိန်းမှနအဖတပ်သား တစ်ယောက်က ပြောပြသည်။

ဒုဗိုလ်မှူးကြီး တင်မောင်ဆွေ (အသက် ၄၀) သည်ဗိုလ်မှူးကြီးရာထူးရရန်အတွက် ကွန်ဟိန်းသို့လွှန်ခဲ့သည့် ၄ လခန့်ကမှ ပြောင်းရွှေ့လာ ခဲ့သည်။

❑ ❑ ❑

## သာသနာ

# သင်္ကန်းချွတ်လူဝတ်လဲ ထောင်ချခံရသည့် သျှမ်းသံဃာ နေရပ်ပြန်ပို့ခံရ

အာဏာ ပိုင်များဝင်ရောက်ဖမ်းဆီးစဉ် သင်္ကန်းချွတ်လူဝတ်လဲ ထောင်ချခံရသည့် သျှမ်းသံဃာတစ်ပါးသည် အောက်တိုဘာ ၆ ရက်နေ့က နေရပ်သို့ ပြန်ပို့ခြင်း ခံရသည်။

ရန်ကုန် ဗိုလ်တထောင် ပညာရာမိကကျောင်းတိုက်တွင် ပညာသင်ယူနေသူ ကျိုင်းတုံမှဦးပဥ္စင်း ဦးကောသလ္လ (အမည်ရင်းမ ဟုတ်) (အသက် ၂၂ နှစ်) သည် အခြားသံဃာများနှင့်အတူ အာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံရပြီး မင်္ဂလာဒုံတပ်တွင်းထောင်၌ ၇ ည ၈ ရက် ထောင်ချခံခဲ့ရသည် ဟုဆိုပါသည်။

တစ်ကိုယ်လုံး ဒဏ်ရာပြည့်နှက်နေကြောင်း၊ အချို့မှာ လုံးဝပြန်မရောက်ဘဲ ပျောက်သွားကြောင်း ဦးပဥ္စင်းကပြော၏။

*"လူမိုက်တွေကိုငှားပြီး အစောင့်လာချထားတော့ လက်ရဲကြတယ်။ ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုကြိမ်းမောင်းတယ်။ ကျောင်းထိုင်နာယက ဆရာတော်တွေက ကမ္ဘာအေးမှာအစည်းအဝေးလုပ်ပြီး ဖမ်းထားတဲ့ မိမိကျောင်းကသံဃာတွေ ပြန်လွှတ်ပေးဖို့ တောင်းဆိုတယ်။ ထောက်ခံပေးတဲ့ဆရာတော်တွေရှိလို့ ဦးပဥ္စင်းတို့ကိုပြန်လွှတ်လာတာ။ ပြန်လွှတ်လာဖို့ဆိုတာကမလွယ်ဘူး။ အစစ်အဆေးထုတယ်။ ဗမာစကားမကျွမ်းတဲ့သျှမ်းသံဃာတွေ ထောင်ထဲမှာအများကြီးကျန်နေသေးတယ်"* ဟု ဦးကောသလ္လကဆက်ပြောပြသည်။



Photo : manager

အောက်တိုဘာ ၆ ရက် တာချီလိတ်သို့ရောက်ရှိလာသည့် ဦးကောသလ္လ၏ပြောပြချက်အရ *"စက်တင်ဘာ ၂၇ ရက် မနက် ၃ နာရီ စစ်သားတွေ ကျောင်းကိုလာဝိုင်းပြီးအကုန်ဖမ်းသွားတယ်။ ဦးပဥ္စင်းတို့ ကျောင်းမှာ သံဃာတော် ၄၀၀ ကျော်ရှိတယ်။ သျှမ်းပြည်ကလာတဲ့ ကိုရင်နဲ့ဦးပဥ္စင်းတွေအပါး ၁၀၀ ကျော်ရှိတယ်။ ကျောင်းထိုင် နာယက ဆရာတော်ကလွဲပြီး အကုန်လုံးအဖမ်းခံရတယ်။ ကိုရင် ၉ ပါး မျက်နှာ ကျက်ပေါ်တက်ပုန်းနေလို့ လွတ်သွားတယ်"* ဟုဆို၏။

ဦးပဥ္စင်းကဆက်၍ *"ခဏဘဲခေါ်သွားမယ်၊ ပြီးရင်ပြန်ပို့ပေးမယ် ဆိုပြီး စစ်အာဏာပိုင်တွေ ဆရာတော်ကိုလျှောက်တင်တယ်။ တချို့ဆိုရင် သင်္ကန်းတောင်ခြုံမသွားဘူး။ ကားပေါ်မတက်ခင်က သင်္ကန်းပြန်သွားယူမယ်ဆိုလဲခွင့်မပြုဘူး။ မင်္ဂလာဒုံစစ်တပ်ထောင်ရောက်မှ အဖမ်းခံရမှန်းသိတော့တယ်။ ထောင်ထဲရောက်တာနဲ့ သင်္ကန်းချွတ် လူဝတ်လဲခိုင်းတယ်။ သူတို့ပြောတဲ့အတိုင်းလိုက်မလုပ်ရင်ရိုက်တယ် ကန်တယ်။ အစောင့်တွေအင်မတန်ရိုင်းတယ်"* ဟုဆို၏။

ထောင်တွင်း၌နေစဉ် တစ်ရက်ဆွမ်း ၁ နပ်သာစားရကြောင်း၊ အဆိုးဆုံးမှာ သောက်ရေ (ဆီပုံး) တစ်ပုံးကို လူပေါင်းထောင်နီးပါး လုယက်သောက်ရကြောင်း၊ နေ့ညအချိန်မရွေး တစ်ယောက်ချင်းစီခေါ်ယူစစ်ဆေးကြောင်း၊ စစ်ဆေးရာမှပြန်လာသည့် သံဃာတစ်ချို့မှာ

ဦးကောသလ္လတို့အား သင်္ကန်းတစ်စုံထုတ်ပေးကာ သင်္ကန်းဝတ်ဖြင့် ထောင်မှပြန်လွှတ်ပေးသည်ဟုဆို၏။ တာချီလိတ်လေဆိပ်တွင်လည်း ရဲ၊ စစ်သား၊ SB . 2 တို့က ၁ နာရီခွဲခန့် အဆင့်ဆင့်စစ်ဆေးမေးမြန်းခြင်း ခံခဲ့ရသေးသည်ဟု ဆိုပါသည်။

ဦးကောသလ္လတို့အားလွှတ်ပေးသည့်ပထမတစ်သုတ်၌ သံဃာတော်အပါး ၇၀ ဖြစ်ပြီး၊ ၎င်းတို့နောက်ဒုတိယအသုတ်တွင် ၂၀ ပါး ထပ်မံလွှတ်မြောက်လာသည်ဟုဆို၏။ ကျန်နေသောသံဃာတော်များ လွတ်မြောက်ရေးအတွက် တိုက်အုပ်များမှ ဆက်လက်တောင်းဆိုဦးမည်ဖြစ်ကြောင်းကြားသိရသည်ဟုဆို၏။

ပညာရာမိကကျောင်းတိုက်အပါအဝင် အခြားကျောင်းမှ အဖမ်းခံရသော သျှမ်းသံဃာတော်အပါးပေါင်း ၁၆၀ ထက်မနည်း ရှိကြောင်းရန်ကုန် သျှမ်းအသိုင်းအဝိုင်းဆိုပါသည်။ ယခုပြန်လွှတ်လာသည့်ဦးကောသလ္လသည် ကျိုင်းတုံမြို့နယ်တွင်နေထိုင်ပြီး လွန်ခဲ့သည့် ၂–၃ နှစ်က ပညာသင်ရန်ရန်ကုန်သို့ ရောက်ခြင်းဖြစ်သည်ဟု သိရသည်။

❑ ❑ ❑

# ကျောက်မဲတွင် သံဃာတော်များ မေတ္တာသုတ်ရွတ် လမ်းလျှောက်

နအဖ စစ်အစိုးရအား ဗမာပြည်တနံတလျားမှ သံဃာတော်များနှင့် ပြည်သူလူထုတို့ သပိတ်မှောက်ဆန္ဒပြနေစဉ်သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့၌လည်း စက်တင်ဘာ ၂၄ ရက်ကတိလိုင်ကျောင်းမှ သံဃာတော်များ မြို့တွင်းလှည့်ပတ်ကာ ပတ္တနိက္ကုဇ္ဇနကံဆောင်မေတ္တာသုတ်ရွတ်ဆိုခဲ့ကြောင်း သျှမ်းပြည်မြောက်ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

*"နေ့လည် ၁ နာရီ တိလိုင်ကျောင်းကစထွက်တယ်။ မြို့တွင်းတစ်ပတ်ပတ်တယ်။ နေ့လည် ၃ နာရီမှကျောင်းကိုပြန် ရောက်တယ်။ အခြားကျောင်းက သံဃာတွေနဲ့ ပြည်သူတွေ ဝင်မပါရဲကြဘူး။ တိလိုင်ကျောင်းက သံဃာတော် ၃၇ ပါးဘဲ။ ပြည်သူတွေ လမ်းဘေးကနေလက်အုပ်ချီရင်းရပ်ပြီးကန်တော့ကြတယ်။တချို့လည်းရေချမ်းကပ်ကြတယ်"* ဟု ကျောက်မဲ ဒေသခံတစ်ဦးက ပြောပြသည်။

ကျောင်းသို့ပြန်ရောက်သည် အထိသံဃာများနောက် မလှမ်းမကမ်းမှ ဒေသခံစစ်အာဏာပိုင်များ တကောက်ကောက်လိုက်လံစောင့်ကြည့်ခဲ့သော်လည်း ရိုက်နှက်ဖမ်းဆီးမှုမပြုဟုဆို၏။ နောက်ရက်များတွင် ထပ်မံလမ်းလျှောက်ထွက် မေတ္တာသုတ်ရွတ်ရန် ပြင်ဆင်ခဲ့သော်လည်း စစ်အုပ်စုများ ဟန့်တားပိတ်ပင် စောင့်ကြပ်မှုကြောင့် အစီအစဉ်ပျက်ခဲ့ရသည် ဟုဆို၏။

သံဃာတော်တွေ ကျောင်းပြင်ထွက် အင်အားမပြရပေမဲ့ ဒီနေ့ထိ ကျောင်းထဲမှာ မေတ္တာသုတ်ရွတ်တယ်။ ဗမာပြည်က သံဃာတော်တွေနဲ့ ပြည်သူလူထုတွေ ဘေးဘယာဝေးကွာပြီး လိုရာပန်းတိုင် အမြန်ဆုံး အရောက်လှမ်းနိုင်ဖို့အတွက် ဆုတောင်းပေးကြတယ်" ဟု ၎င်းက ဆက်ပြောပြသည်။

တိလိုင်ကျောင်းသည် ကျောက်မဲဈေးအနောက်ဘက် ၁ မိုင်ခန့် အကွာတွင်ရှိသည်။ ❑

# ပတ္တနိက္ကုဇ္ဇနကံဆောင်မှုကြောင့် နေရပ်ပြန်ပို့ခံ သံဃာ စာရင်းကောက်ခိုင်း

ဗမာပြည်သို့ သွားရောက်ပညာသင်ရာမှ ပြန်လာသည့် သံဃာတော်များ၏ အရေအတွက် စာရင်းကောက်၍ အာဏာပိုင်များထံပို့ဆောင်ပေးရန် အောက်တိုဘာလ ၅ ရက်နေ့က ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများအား မယကရုံးက အစည်းအဝေးဆင့်ခေါ် ညွှန်ကြားကြောင်း တာချီလိတ်သတင်းရပ်ကွက်ကဆိုပါသည်။

တာချီလိတ်မြို့ ရပ်ကွက်ပေါင်း ၃၀ မှဥက္ကဋ္ဌများအား မြို့နယ်အာဏာပိုင်များကဆင့်ခေါ်ကာ မိမိရပ်ကွက်အတွင်း ဘုန်းကြီးကျောင်းများမှ ဗမာပြည်သို့ ပညာသင်ပြန်လာသူ သံဃာတော်များ၊ ကိုရင်များနှင့်အတူ၊ မိဘဆွေမျိုးများ၏ နေရပ်အပြည့်အစုံကို စာရင်းကောက်ယူ၍ မယကရုံးသို့ အောက်တိုဘာ ၆ ရက်နောက်ဆုံးထား၍ သတင်းပေးပို့ရန် ဆင့်ဆို ညွှန်ကြားသည်ဟုဆို၏။

*"သံဃာတော်များ ပတ္တနိက္ကုဇ္ဇနကံဆောင်တုန်းက ဗမာပြည်မှာ ပညာသွားသင်တဲ့ တာချီလိတ်က သံဃာတွေပါမပါသိချင် လို့တဲ့။ အောက်ပြည်ပညာသွားသင်တဲ့သံဃာတာချီလိတ်မှာအပါး ၇၀–၈၀ ကျိုင်းတုံကအပါး ၁၀၀ ကျော်တယ်"* ဟု တာချီလိတ်မြို့ခံတစ်ဦးက ပြောပြသည်။

၎င်းကဆက်၍ *"အောက်တိုဘာ ၈ ရက်က ပဲခူးကနေ တာချီလိတ်ကိုပြန်ပို့ခံရတဲ့ကိုရင် ၇ ပါးရှိတယ်။ ဒါပေမဲ့ ဗမာပြည်သံဃာတော်တွေ ဆန္ဒပြတုံးက ဒီကိုရင်တွေကျောင်းပြင်ထွက်ခွင့်မရဘူးတဲ့။ ဒါကြောင့် ဆန္ဒပြတဲ့အထဲမှာလဲ သူတို့တွေမပါဘူးလို့ ပြောတယ်"* ဟုဆို၏။

စက်တင်ဘာလအတွင်းက ဗမာပြည်သံဃာတော်များ ပတ္တနိက္ကုဇ္ဇန ကံဆောင်မှုပြုစဉ် စစ်အစိုးရ၏ဖမ်းဆီးမှုခံရသော ဗမာပြည်ရောက် သျှမ်းသံဃာတော်အပါး ၁၆၀ ကျော်သည်ဟု ပြည်တွင်း သျှမ်းအဖွဲ့အစည်းတစ်ခုကဆိုပါသည်။ ❑

စာမျက်နှာ ၂၉ မှ

ကိုယ်တိုင် ကောင်းကင်ပေါ် က ဆင်းလာပြီးလူထုဆန္ဒပြပွဲ ပါဝင်လာရင်တောင် ဘုရားလဲအပစ်ခံရမှာဘဲ။

နိုင်ငံတကာက **Dialogue** ဖြစ်စေချင်လို့ဖိအားပေးတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **Dialogue** မလုပ်ချင်ဘူး။ ဒါပေမဲ့ နိုင်ငံတကာဖိအားကြောင့် သူပယ်ချလို့ ကြိုတင်ကန့်သတ်ချက်ချပေးလိုက်တာဖြစ်တယ်။ သူများလက်မခံနိုင်အောင်ချပေးတယ်။ တကယ်လို့ လက်မခံဘူးလို့ အတိုက်အခံက ဆုံးဖြတ်ပြန်ရင်လဲ **Dialogue** ကမဖြစ်တော့ဘူး၊ မဖြစ်တော့ အတိုက်အခံရဲ့အပြစ်လို့သူက စွပ်စွဲနိုင်ပါတယ်။မလိမ့်တပတ်နဲ့ အမှတ်ယူသွားနိုင်တယ်။ အတိုက်အခံတွေဘက်ကနေ ဒီကြိုတင်ကန့်သတ်ချက် ၄ ချက်ကို ဆီလျော်အောင် သင့်လျော်အောင် ဖြေကြားပေးဖို့လိုတယ်။

"ဒီမိုကရေစီ ရလို့ရှိရင် ဖက်ဒရယ်ဖြစ်မယ်၊ ဖက်ဒရယ်ဖြစ်ရင် တိုင်းပြည်မြောင်းထဲကျသွားမယ် ဆိုတဲ့ဟာ၊ အဲလိုမျိုးသာဖြစ်မယ်ဆိုရင် အမေရိကန်နိုင်ငံကြီးဟာလဲ စုန်းစုန်းမြုပ်သွားတာကြာပါပြီ"။

**ဦးခွန်စိုင်း** သျှမ်းသံတော်ဆင့် အယ်ဒီတာချုပ်

(VOA စနေနေ့ည ဆွေးနွေးခန်း)
အောက်တိုဘာလ ၆ ရက်၊ ၂၀၀၇

## နိုင်ငံရေး

# ဗိုလ်သန်းရွှေကမ်းလှမ်းချက် အဓိပ္ပါယ်မရှိ တိုင်းရင်းသားများ လက်မခံ

သဘောထားအမြင်ပြောဆိုသူက တိုင်းရင်းသားလူမျိုးများ ကောင်စီ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျံမှုန်းဆာခေါင်း ဖြစ်ပါတယ်။

"ကျနော်တို့အနေနဲ့ တလျှောက်လုံးတွေ့ဆုံဆွေးနွေးပွဲ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ဖြေရှင်းဖို့ တချိန်လုံးတောင်းဆိုနေတော့ စစ်အစိုးရက အခုလိုပြောလာတော့ ကောင်းတဲ့အလားအလာလို့ သုံးသပ်ချင်ပါတယ်။ စစ်အစိုးရကအခုလို Conditions (ကန့်သတ်ချက်) တွေရှိပြီးမှပဲ စကားပြောမယ်ဆိုတာ သိပ်တော့ မကောင်းလှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်ပြဿနာဖြေရှင်းဖို့ အင်မတန်အရေးကြီးနေ တဲ့ကာလမှာ ဒါဖြစ်မှပဲစကားပြောမယ်ဆိုတဲ့ဟာမျိုး Conditions ချတယ်ဆိုတာ တိုင်းပြည်ပြဿနာဖြေရှင်းရေးအတွက် နှောင့်နှေးစေပါတယ်။ အဲဒီလိုနှောင့်နှေးစေတဲ့ဟာမျိုး စစ်အစိုးရနေနဲ့ မလုပ်သင့်ပါဘူး။ ဒါပေမယ့် အဲဒီလို Conditions တွေရှိလိုက်လို့ တချက်ထဲဘဲ နအဖကမ်းလှမ်းချက်ကို ကျနော်တို့အနေနဲ့ မပစ်ပယ်သင့်ဘူးလို့မြင်ပါတယ်။ ဒီကြားထဲမှာ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်သင့်တယ်လို့ ထင်ပါတယ်"။

ဆလိုင်းလျံမှုန်းဆာခေါင်းက စီးပွားရေးပိတ်ဆို့မှုဟာ ဒေါ်အောင်ဆန်းစုကြည်တောင်းဆိုလို့ ဖြစ်ပေါ်တာမဟုတ်ဘဲ မြန်မာပြည်လူ့အခွင့်အရေး နိုင်ငံတကာစံတွေနဲ့မကိုက်ညီလို့ ပိတ်ဆို့တာဒါကြောင့် နအဖတောင်းဆိုထားတဲ့ သတ်မှတ်ချက်တွေအဖြေရှာဖို့ ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တွေ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ခွင့်ပြုသင့်တယ်။ အဲဒီကနေစတင်အဖြေရှာသင့်တယ်လို့ သုံးသပ်ထားပါတယ်။

တိုင်းရင်းသားအင်အားစုတွေ အားလုံးဟာ စစ်အစိုးရ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစုနဲ့ တိုင်းရင်းသားအင်အားစုတွေသုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးဖို့ အစဉ်တစိုက်တောင်းဆိုထားပါတယ်။

VOA ၀၅၊၁၀၊၀၇

# ဗိုလ်သန်းရွှေဉာဏ်နီဉာဏ်နက်၊ အတိုက်အခံ ဖက်မှီရန်လို

မြန်မာပြည်အတွက်ကောင်းတဲ့အချက်တချက်ကတော့ ပြင်ပဖိအားနဲ့ အတွင်းဘက်က အတိုက်အခံတွေရဲ့လှုပ်ရှားမှု တုန့်ပြန်ချက်ဖြစ်ပါတယ်။ အပြင်ဘက်ဖိအားပေးမှုရဲ့ကောင်းကွက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ Dialogue ဖြစ်စေချင်တယ်။Dialogue ဖြစ်ရင်သူတို့ အဘက်ဘက်ကနေကူညီမယ်။ ဒါပေမဲ့ Dialogue ဖြစ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း သူ့ရဲ့အိန္ဒြေကို အဖတ်ဆယ်တဲ့အနေနဲ့ ကြိုတင်ကန့်သတ်ချက် ၄ ချက် လုပ်လာတယ်။ အတိုက်အခံဘက်ကနေ သင့်တော်တဲ့ တုန့်ပြန်ချက်တွေလုပ်ဖို့ လိုတယ်။



ဒေါ်အောင်ဆန်းစုကြည်



ခွန်ထွန်းဦး

ပြည်သူတွေ ညီညီညာလုပ်ဖို့ကတော့ Dialogue ဖြစ်လာအောင် ဝိုင်းဝန်းအားပေးဖို့ဖြစ်ပါတယ်။ အတိုက်အခံတွေဘက်က Dialogue ဖြစ်လာအောင်အားပေးဖို့ အရေးကြီးတယ်လို့အကြံပြုလိုပါတယ်။

အာဆီယံအနေနဲ့ လုပ်နိုင်တဲ့ကဏ္ဍက တော်တော်လေး အကန့်အသတ်ရှိပါတယ်။ သူတို့ချည်းဘဲ မလုပ်နိုင်ပါဘူး။ တရုပ်၊ အိန္ဒိယ၊ ဂျပန်တို့ အကုန်လုံးပါမှ ဖြစ်မယ်။

သျှမ်းဒီမိုကရက်တစ်က အတွင်းရေးမှူး စိုင်းဝမ်းဆိုင်ရဲ့စကားကို ကျနော်သတိရပါတယ်၊ ဂျာမန်ပြည်သူတွေဟာ မကောင်းတဲ့ခေါင်းဆောင် ဟစ်တလာနဲ့နာဇီပါတီကို သူတို့လဲမကြိုက်ပါဘူး၊ မကြိုက်ပေမဲ့လည်း မဟာမိတ်နိုင်ငံတွေမကူညီလို့ရှိရင် သူတို့လည်း မမောင်းထုတ်နိုင်၊ မဖြုတ်ချနိုင်ပါဘူး။ ဒီအခြေအနေမှာလဲ နိုင်ငံတကာရဲ့ဖိအားက အများကြီး အရေးပါ အရာရောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ တဖက်ကလဲ အတွင်းဘက်အားလုံး ဝိုင်းဝန်းလှုပ်ရှားမှုကလဲ ဆက်လုပ်သွားရပါလိမ့်မယ်လို့ ပြောချင်ပါတယ်။

ဆက်ပြီးတော့မကြိုးပမ်းဘူးဆိုရင် နောက်ပိုင်း ဘုရားသခင်

စာမျက်နှာ ၂၇ သို့

# နှစ်ဖက်အမြင်ကောင်း PDF ကြေငြာချက်

ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီတပ်ဦးကြေငြာချက်ထဲမှာဒီမိုကရေစီအင်အားစုရဲ့လိုလားချက်တွေကိုထောက်ခံတဲ့သဘောအဖြစ် ယူဆရတဲ့အချက်တွေပါဝင်နေသလို စစ်အစိုးရရဲ့ရပ်တည်ချက်ကို ထောက်ခံရာကျတဲ့အချက်တွေလဲ ပါတယ်လို့ နိုင်ငံရေးအကဲခတ်သူများ ပြောကြပါတယ်။

မြန်မာ့ပြည်တွင်းရေးကိုပုံကြီးချဲ့ပြီးနိုင်ငံတကာက တဖက်သတ်ဖိအားပေး ဝင်စွက်ဖက်တာကို တပ်ဦးအနေနဲ့ ဆန့်ကျင်တယ်ဆိုတဲ့အချက်၊ ဒါပေမဲ့ – နိုင်ငံတနိုင်ငံရဲ့အစိုးရတရပ်ဟာ ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ထားတဲ့နည်းနဲ့ ပေါ်ပေါက်သင့်တယ်ဆိုပြီးတဖက်မှာဖေါ်ပြထားတယ်။ ဒီလိုအစိုးရမျိုးမပေါ်ပေါက်မီ လက်ရှိတပ်မတော်အစိုးရက ဦးဆောင်သင့်တယ်ဆိုတဲ့ အချက်လဲပါနေပြန်တယ်။

ကြေငြာချက်ထဲမှာ ဒီအပစ်ရပ် ၄ ဖွဲ့ရဲ့ရပ်တည်ရေး အာမခံချက်တချို့ကို တောင်းဆိုထားတာလဲ တွေ့ရပါတယ်။ အပစ်ရပ်သဘောတူပြီး ငြိမ်းချမ်းရေးဆွေးနွေးခဲ့တုန်းက စစ်အစိုးရပေးထားတဲ့ ကတိကဝတ်တွေကိုစောင့်စည်းဖို့ သမိုင်းကြောင်းကိုအသိအမှတ်ပြုဖို့ လက်တွေ့နဲ့လက်ရှိအနေအထားတွေလေးစားဖို့အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေနဲ့ နိုင်ငံတော်အစိုးရကို တပ်ဦးအနေနဲ့ တောင်းဆိုအပ်တယ်လို့ ဖေါ်ပြထားပါတယ်။

တပ်ဦးအနေနဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို ဆက်လက်ကိုင်စွဲသွားမယ်၊ စီးပွားရေးတည်ဆောက်မှုလည်း ဦးစားပေးသွားမယ်လို့ ဆိုပါတယ်။ ၄ ဖွဲ့ဆွေးနွေးပွဲမှာ ပါဝင်ခဲ့သူတစ်ဦးကတော့ ဆွေးနွေးပွဲအတွင်းတင်ပြခဲ့တဲ့အချက် အတော်များများအခုကြေငြာချက်ထဲ ပါဝင်မလာတဲ့အတွက်အားမရဘူးလို့ ပြောပါတယ်။ ကြေငြာချက်ဟာ စစ်အစိုးရနဲ့ ဒီမိုကရေစီအင်အားစုတွေအကြား လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကို အကြောင်းပြုပြီး အပစ်ရပ်အဖွဲ့တွေအနေနဲ့ နိုင်ငံရေး အကြပ်အတည်းကြုံလာတဲ့အတွက် ဟိုဘက်ဒီဘက် နှစ်ဘက်အမြင်ကောင်းအောင်ကြိုးပမ်းတဲ့ လုပ်ရပ်အဖြစ်ဝေဖန်မှုတွေလဲ ထွက်ပေါ်နေပါတယ်။

ဦးသစ်ဆင်း

RFA ၂၀၊ ၁၀၊ ၀၇

# ENC ရဲ့ဘုံရပ်တည်ချက်ရှိဖို့

“ကျနော်တို့တိုင်းရင်းသားတွေကို တဦးချင်း၊ တဖွဲ့ချင်းအလိုက်မဟုတ်ဘဲနဲ့စုပေါင်းပြီးတော့ Common Platform တခုရှာပြီးပါဝင်တာကပိုသင့်တော်မယ်လို့ယူဆတယ်။ တဖွဲ့ချင်းအလိုက်ပါပြီးတော့ Common position တခုကနေ အဖွဲ့တိုင်းတင်ပြနိုင်ရင်လဲအလုပ်ဖြစ်မယ်လို့ ထင်ပါတယ်။ အဲလိုလုပ်နိုင်ဖို့ ENC က အကောင်အထည် ဖေါ်နေတာဘဲ။ ကျနော်တို့ကတော့ စုပေါင်းပြီးတော့တွေ့ချင်တယ်၊ Common Position နဲ့အကုန်လုံးက တင်ပြဖို့၊ Federal တည်ဆောက်ဖို့ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိဖို့တင်ပြရမယ်။ နအဖညီလာခံဆိုရင် Inclusive မမှန်ဘူး။Participationလည်းမဖြစ်ဘူး၊ တကယ်ရောက်သင့်တဲ့ကိုယ်စားလှယ်တွေလဲမပါဘူး။ ပွင့်လင်းမှုလည်းမရှိဘူး၊ သူတို့ဘောင်ကိုဘဲ အတင်းလက်ခံခိုင်းတယ်။ ဒုတိယတချက် – အဲကနေထွက်လာမဲ့ Result ကိုအခြေခံပြီး ဖွဲ့စည်းပုံရေးဆွဲသွားရင် တကယ့် Sustainable Peace နဲ့ Reconsiliation မဟုတ်တဲ့အတွက် အခုချိန်မှာ constitution ရေးဆွဲတာ ဆိုင်းငံ့သင့်တယ်။ ဒီဟာမလုပ်ခင် ပါတီပေါင်းစုံနဲ့ အကြမ်းဖျင်းဆွေးနွေးပြီးတော့ ဘယ်လိုခရီးဆက်မယ်ဆိုတာ စဉ်းစားသင့်တယ်။

ဆလိုင်းရှွေခါး

ချင်းအမျိုးသားတပ်ဦး CNF

(သက်ထွေးနိုင်– BBC ၂၀၊ ၁၀၊ ၀၇)

# သုံးပွင့်ဆိုင်ဖြစ်ဖို့အရေးကြီး

“သျှမ်းပြည်အပစ်ရပ်အဖွဲ့တွေ အခုလိုကြေငြာချက်ထုတ်တာကျနော်တို့ ကြိုဆိုထောက်ခံပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုဖြစ်ဖို့လဲ ကျနော်တို့အမြဲတောင်းဆိုခဲ့ကြတယ်။ ကျနော်တို့ရပ်တည်ချက်ကတော့ တွေ့ဆုံဆွေးနွေးမှုနဲ့ဘဲ အဖြေမှန်ရှာနိုင်မယ်လို့ထင်ပါတယ်။ လက်ရှိကုလသမဂ္ဂရဲ့ကြိုးပမ်းမှုတွေ၊ မစ္စတာဂမ်ဘာရီ ဒေသအတွင်းလှည့်လည်ပြီး ကြိုးပမ်းမှုတွေ အကျိုးရှိလိမ့်မယ်လို့ ဆန္ဒပြုတယ်။ ဒေါ်အောင်ဆန်းစုကြည်တဦးထဲနဲ့ တွေ့ဖို့ကတော့ ကျနော်တို့ ပြောစရာမလိုပါဘူး။ ဒါပေမဲ့ တကယ့် Dialogue လုပ်ရင် Tripartite dialogue ဖြစ်ဖို့ အရေးကြီးပါတယ်။ Tripartite dialogue မဟုတ်ဘူးဆိုရင် စစ်မှန်တဲ့အဖြေ ရှာလို့ရမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ပြည်ထောင်စုထဲမှာ ဖြစ်နေတဲ့ပြဿနာက တိုင်းရင်းသားတွေရဲ့ ပြဿနာလည်းပါတယ်။Tripartite dialogue လုပ်မှဘဲ တကယ့်အဖြေရှာနိုင်မယ်လို့ ယုံကြည်ပါတယ်။”

နိုင်အောင်မငေး

မွန်ပြည်သစ်ပါတီ NMSP ပြောခွင့်ရပုဂ္ဂိုလ်

(သက်ထွေးနိုင်– BBC ၂၀၊ ၁၀၊ ၀၇)

# လှုပ်ရှားမှုမှတ်တမ်း

## စက်တင်ဘာ ၂၇

ပစ်ခတ်သံတွေကြားရလို့ ကျောက်တံတားကနေ ကျနော်တို့ ရွှေတိဂုံကို ကားငှားပြီးအပြေးချီတက်ခဲ့တယ်။ မျက်ရည်ယိုဗုံးခွဲပြီးလို့ မီးခိုးတွေမတိတ်သေးပါဘူး။ ကြေးသွန်းဘုရားရှေ့ကွင်းပြင်ကို သတ်ကွင်း အဖြစ်ဖွင့်ပေးပြီး ရွှေတိဂုံအရှေ့မုဒ်မှဆင်းလာတဲ့ သံဃာနဲ့လူထုကို လုံထိန်းတွေဖွင့်ပေးလိုက်တယ်။ဖွင့်ပေးထားတဲ့သတ်ကွင်းထဲကိုရဟန်းနဲ့ လူထုတွေဝင်လာပြီး မေတ္တာပို့ကြတယ်။ဘေးနှစ်ဘက်ညှပ်ပြီးတာနဲ့ စရိုက်တော့တာဘဲ။ မျက်ရည်ယိုဗုံး ၇ လုံးတိတိ၊ သေနတ်ကို မြေရှပ် ပစ်တယ်။လူမထိဘူး။လုံထိန်းကဝင်လာပြီး နံပါတ်တုတ်အနက်ရောင်နဲ့ ရိုက်တော့တာဘဲ။ရဟန်းတော်တွေ ကြောက်ရွံ့မှုမရှိပေမဲ့ ကိုရင်ငယ်တွေ ထိတ်လန့်လို့ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။ အဲဒီအချိန်မှာဘဲ အကြီး အကျယ် လိုက်ရိုက်တော့တာဘဲ။

ရဟန်းနဲ့လူထု ၂၀၀ ကျော်ဆွဲတင်ပြီး ထရပ်ကားနဲ့ တင်သွား တယ်။ သွေးရဲရဲတွေနဲ့ပါ။ ဆစ်ခ်အမျိုးသား (ပန်ချာပီ) တွေ အင်မတန် တော်ပါတယ်။ ဒါဏ်ရာရသူတွေကို စွန့်စွန့်စားစားဆွဲထုတ်ပြီး ဆေးကု သ၊ ကားငှားပြီး ဆေးခန်းပို့ပေးကြတယ်။ ရွှေတိဂုံဘုရား အရှေ့မုဒ်မှာ ရှိတဲ့ ကျောင်းတိုက်တိုင်းမှာ နအဖတပ်မ ၇၇ တစ်ခွဲလိုက် နေရာယူထား တယ်။ ဒါပေမဲ့ ကျောင်းတိုက်က အုတ်ခဲအနီရောင်နဲ့ခဲလုံးတွေ မိုးရွာချ လိုက်သလို ကြဲချလိုက်တယ်။ လုံထိန်းတွေ ဒိုင်းတွေနဲ့ကာရတယ်။သွေး သံရဲရဲနဲ့ ရဟန်းတွေကိုမြင်တော့ အမျိုးသမီးတွေငိုယိုကြတယ်။ အဲဒီ အဖြစ်အပျက်ဟာ ၁၁း၃၅ မှ ၁၁း၄၅ နာရီ အဖြစ်အပျက်ပါ။

၁၂ နာရီတိတိမှာ မိုးတွေမည်းလာပြီး မိုးခြိမ်းသံတွေ မိုးကြိုး ပစ်သံတွေ ရွှေတိဂုံတဝိုက်ကြားခဲ့ရပါတယ်။ ကျနော်ပုံပြင် ပြောခြင်း မဟုတ်ပါ။လူထုထဲကလည်း မိုးခြိမ်းသံတွေကြားလို့ ကောင်းချီးလက်ခုပ် တီးကြပြီး စစ်တပ်၊ လုံထိန်းတွေနဲ့ ဝေးရာပြေးကြတယ်။ ရွှေတိဂုံဘုရား မှတ်တိုင်ဖြစ်တဲ့ ဗဟန်း ၃ လမ်းမှတ်တိုင်အနီး ကန်တော်ကြီးပန်းခြံထဲ မှာ တပ်မ ၇၇ မှ ဗိုလ်မှူးကြီး အမိန့်ပေးနေတယ်။ ကုက္ကိုလ်ပင်အောက် မှာ စားပွဲ၊ ကုလားထိုင်နဲ့ပါ။ ဓါတ်ဗူးထဲမှာကော်ဖီ ရေခဲဗူးနဲ့ငြိမ်သက်စွာ သုံးဆောင်ပြီး စကားပြောစက်၊ ဟန်းဖုန်းနဲ့ စကားတွေ၊ စကားဝှက်တွေ ပြောနေဆဲပါ။

၁၂း၃၀ နာရီလောက်မှာ ကျနော်တို့ကားငှားပြီး ဆူးလေကို ချီတက်ခဲ့တယ်။ ပန်းဆိုးတန်းဂုံးကျော်အရောက်မှာ ဆူးလေဘက်က သေနတ်သံတွေကြားရတယ်။ ဆူးလေအနီးလူတွေကြဲပြန့်နေတယ်။ ထရိတ်ဒါးဟိုတယ် ရှေ့မှာလဲလူတွေစုနေတယ်။ ကျနော်တို့အဖွဲ့ထဲက လူနှစ်ယောက် အနော်ရထာလမ်းဘက်က လူထုဆီကူးသွားပြီး စုဝေး ကြွေးကြော်ပြန်တယ်။

"ဗိုလ်ချုပ်ပေးတဲ့စစ်ပညာ ပြည်သူတွေကို သတ်ဖို့မဟုတ်ဘူး" အဲဒီကြွေးကြော်သံတွေကိုဘဲအော်ပြီး လမ်းလျှောက်လိုက်တာ။ အင် အား များလာသလို လက်ခုပ်သံတွေထွက်လာတယ်။ ကျနော်တို့ဘက် ကလည်း ထရိတ်ဒါးဟိုတယ်ရှေ့က လူထုကိုစည်းရုံးပြီး အဲဒီအချိန်မှာ ဟိုဘက်ကအုပ်စု နဲ့ပေါင်းဖို့တိုက်တွန်းတယ်။ ကျနော်တို့ဘက် လူထု က အင်အားများပြီး ရပ်နေကြတယ်။

ကျနော်တို့ဘက်ကနေ ဟိုဘက်ကလူထုကို လှမ်းလက်ဇာ့ ယမ်းပြလိုက်တယ်။ ဆင်းပြီးလာပေါင်းပြီဆိုတဲ့ သဘောမျိုးပါ။ဟိုဘက် ကလည်း လူအုပ်ကြီး ကျနော်တို့ဘက်ကိုလာပေါင်းတော့ လူအင်အား တစ်သောင်းလောက် ဖြစ်သွားတယ်။ ဘူတာကြီးဘက် ချီတက်ကြ တယ်။ ဘူတာကြီးမရောက်ခင်မှာ ထရိတ်ဒါးဘက်ကိုပြန်လှည့်တယ်။လူ ထုတွေ အများကြီးလာပေါင်းကြတယ်။ လူအင်အား သုံးသောင်းကျော် သွားတယ်။ ခုနက သေနတ်ဖောက်လို့ လူထုကြီးလူစုကွဲသွားရာမှ ကျ နော်တို့ဆီ ပြန်စုလာတယ်။

ကျနော်တို့ ကြိုးစားမှုပါ။ ရဟန်းတွေပါလာလို့ ရဟန်းတွေကို ပွဲထုတ်ပြီး ရှေ့ထုတ်တယ်။ ရဟန်းတွေ ထွက်ပေါ်လာတိုင်း လက်ခုပ်တီး ကြတယ်။ ရဟန်း ၁၀ ပါးကျော်ရှိလာတော့ ဆူးလေဘုရားကိုဦးတိုက်ပြီး စစ်သားတွေနဲ့ ထိပ်တိုက်တည်လိုက်တယ်။ ကျနော်တို့တောင်းပန်ခေါ် လာတဲ့ ရဟန်းသင်္ကန်းကြားထဲက သာသနာ့အလံထွက်လာတယ်။ လူထုတွေအားရစွာ လက်အုပ်ချီကြတယ်။ လက်ခုပ်တီးကြတယ်။ မွတ် ဆလင်အဖွဲ့တွေလာပေါင်းတော့ စုစုပေါင်းအင်အား လေးသောင်းကျော် လောက်ဖြစ်သွားတယ်။

ခုနကလူစုခွဲ၊ ဖြိုခွဲလို့ ယောကျ်ားသုံးယောက် မိန်းမတစ်ဦး သေ နတ်မှန်ပါတယ်။ သူတို့ကခေါင်းပေါ်ကကျော်ပစ်သလို မြေပေါ်လဲရှပ် ပစ်တယ်။မြေကိုရှပ်ပစ်တဲ့စစ်သားဟာ ကလေးလေးပါ။ သူ့သေနတ်က သူ့အရပ်လောက်ဘဲ ရှိတယ်။ ဗိုလ်မှူးက အမိန့်ပေးတယ်။ လူလေး ယောက်ထိတယ်။ မသေဘူး။ သူတို့ကိုမွတ်ဆလင်အဖွဲ့က ကားငှားပြီး ဆေးခန်းထိ လိုက်ပို့ပေးကြတယ်။ ငွေကြေးပါစိုက်ထုတ်ပေးတဲ့ မွတ်ဆ လင်တွေပါ။ ဆူးလေမှာပစ်ခတ်တဲ့ အချိန်က ၁း၄၅ နာရီဖြစ်ပါတယ်။ ကျားသုံးယောက်မှာ တစ်ဦးကခြေထောက်၊ တစ်ဦးကဆီးစပ်၊ တစ်ဦးက ညာဘက်တင်ပါးကို ရှပ်ထိတယ်။အမျိုးသမီးကတော့လက်ကိုထိတယ်။ ကျနော့်ကိုရှင်းပြတာ မွတ်ဆလင်အဖွဲ့က လူကြီးတစ်ဦးပါ။ သူ့လက်မှာ သွေးတွေနဲ့ပါ။ ကျနော်က ကျနော့်ကိုယုံကြည်ပါ။ဘန်ကောက်က ဘီဘီ စီ ဦးဝင်းမြင့်ဟာ မွတ်ဆလင်ပါ။ ကျနော့်မိတ်ဆွေပါ။ သူ့ကိုဒီသတင်း ပေးပို့ပေးမှာပါ။ ကျနော် တိုင်းရင်းသားလည်းဖြစ်ပါတယ် လို့ပြောမှ အားလုံး မချွင်းမချန်ပြောပြပါတယ်။

ရဟန်းတွေ ဆုတောင်းမေတ္တာပို့သပြီး အနော်ရထာလမ်းအ

တိုင်း ပန်းဆိုးတန်းဘက်က ချီတက်တဲ့အခါ မင်္ဂလာဈေးဘက်ကလာတဲ့ သံဃာနဲ့ လူထု သုံးသောင်းကျော်၊ ပန်းဆိုးတန်းအောက်လမ်းက ရပ်ကြည့်နေတဲ့ လူထုသုံးသောင်းခန့်၊ ပန်းဆိုးတန်းဂုံးကျော်တံတားပေါ်ကဆင်းလာတာ လူအင်အားနှစ်သောင်းကျော် ၊ စုစုပေါင်းသံဃာနဲ့လူထု တစ်သိန်းကျော်ဟာ လေးဘက်၊ လေးတန် ပန်းဆိုးတန်းလမ်းဆုံမှာ စုမိကြတယ်။ အဲဒီအချိန်မှာဘဲ ဆူးလေဘက်ကို ချီတက်ကြတယ်။ ကျနော်တို့ နောက်ရင်းပြန်လှည့်တာပေ့ါ။ လူထုတွေစုမိတော့ ဘေးကရပ်နေကြတဲ့လူထုပါ ပူးပေါင်းပါလာကြတယ်။ မျက်ရည်လည်စရာကြီးပါ။ ကျနော်တို့အဖွဲ့က လူငယ်တွေလည်း ပြန်စုမိကြတယ်။ ဆူးလေမှတဆင့် အနော်ရထာလမ်းအတိုင်း သိမ်ကြီးဈေးဘက် ချီတက်ကြတယ်။ သိမ်ကြီးဈေး လူကူးစင်္ကြံမှာတရားနာပြီး လူစုခွဲလိုက်တာ ညနေ ၃း၄၅ ဖြစ်ပါတယ်။

ညနေပိုင်း ကျနော်ပင်ပမ်းနွမ်းနယ်နေတာကြောင့် အင်တာနက်ကို မသုံးတော့ဘဲအိမ်ပြန်ခဲ့တယ်။ ညသန်းခေါင် ၁ နာရီခန့်မှာ အိပ်ရေးပျက်ဖွယ်ကောင်းတဲ့ အသံထွက်လာတယ်။ ပုဒ်မ ၁၄၄ ထုတ်ပြန်ကြေငြာချက်ပါ။



## စက်တင်ဘာ ၂၈

## ကျနော့်တသက်မမေ့နိုင်တဲ့ ဖြစ်ရပ်ပါ

နံနက်ထွက်လာချိန်မှာတော့ ကျနော်ပန်းဆိုးတန်းဘက် အအေးသောက်နေမိတယ်။ ဒိန်ချဉ်သောက်နေတုန်း စားပွဲထိုးတွေကသိမ်းဆည်းဖို့လုပ်နေတာကြောင့် မေးကြည့်တော့ မကြာခင် ဆိုင်ပိတ်တော့မှာဖြစ်ကြောင်း၊ လူစုတွေလာနေပြီဖြစ်ကြောင်း ဖြေကြားလို့ ငွေရှင်းပြီး ဆူးလေဘက် ထွက်လာတယ်။ လူစုက ဟိုတစ်စု ဒီတစ်စုလုပ်နေကြတယ်။ ရဟန်းသံဃာတွေနဲ့ကျောင်းသားတွေကလူစုလိုက်တော့လည်း အားလုံးမတိုင်ပင်ဘဲနဲ့ စုဝေးမိသားဖြစ်သွားတယ်။ အင်အားနှစ်သောင်းကျော်စုဝေးနေပြီး မေတ္တာပို့သနေကြတယ်။ ထရိတ်ဒါးဟိုတယ်ဘက်မှလူထုကလည်း ထပ်မံပူးပေါင်းလာတာကြောင့် ငါးသောင်းခန့်ရှိနေတယ်။ ဆူးလေမြောက်ဘက်မှာတော့ လုံထိန်းကို ရှေ့တန်းတင်ထားပြီး နောက်ကျောမှာ တပ်မ ၇၇ စစ်သားအသီးသီးနေရာယူထားတယ်။ မေတ္တာပို့ချိန်မှာ နေ့လည် ၁း၁၅ နာရီရှိနေပြီ။ နိုင်ငံခြားသားတွေကလည်း မှတ်တမ်းယူဓါတ်ပုံရိုက်နေတယ်။ ဒေါင်းအလံတွေလွှင့်ထူလာတဲ့ ကျောင်းသားအုပ်စု ပါလာတော့ အင်အား ၈ သောင်း လောက်ရှိနေပြီ။

နောက်ထပ် ၁၅ မိနစ်အကြာ ထရိတ်ဒါးဘက်က စစ်ကားတန်းဆင်းလာတာတွေ့ရတယ်။ ရှေ့တန်းမှာ ဓါတ်ပုံရိုက်နေတဲ့ ကျနော်စစ်ကားတန်း ဓါတ်ပုံရိုက်ဖို့ချိန်နေတုန်း မျက်ရည်ယိုဗုံးပေါက်ကွဲသံနဲ့ အတူလူစုထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်သွားတယ်။စစ်ကားတန်းဟာအနော်ရထာမီးပွိုင့်ရှိ လူကူးဂုံးကျော်တံတားအောက်ရောက်နေတုန်း စတင်ပစ်ခတ်တယ်။ ကျနော်ပြေးလွှားခဲ့ရတယ်။ မိနစ်မနှစ်ဦး ထိုင်လဲနေတာကို ကျနော်ထူပေးနေခိုက် လူအုပ်ထပ်တိုးလာလို့ ကျနော်ယိုင်သွားပြီး နောက်လှည့်ကြည့်လိုက်တာ အသင့်စောင့်နေတဲ့ လုံထိန်းတွေဒိုင်းများလွှင့်ပစ်ပြီး နံပါတ်ဒုတ်ခေါ် ဝါးရင်းတုတ်တွေနဲ့ လိုက်လံရိုက်နှက်တော့တယ်။ မျက်ဝါးထင်ထင် မြင်လိုက်ရတာက အကျႌမီးခိုးပြာရောင်နဲ့မိန်းမတစ်ဦးမီးခိုးကြား ကုန်းကုန်းကွကွဖြစ်နေတုန်း လုံထိန်းရဲ့ဝါးရင်းတုတ်အရိုက်ခံရလို့ခွေသွားတယ်။ နောက်က လုံထိန်းတစ်ဦးက သေနတ်နဲ့ဝမ်းဗိုက်တွင်ပစ်သွင်းလိုက်လို့ သွေးထွက်နေတဲ့ ဗိုက်ကိုလက်နဲ့အုပ်နေတာကျနော်မှင်တက်ကြည့်နေမိတယ်။

ဒ့ါအပြင် ရှေ့တည့်တည့် မြောက်ဘက်အရပ်က စစ်ကားတန်း ပန်းဆိုးတန်းလမ်းမပေါ် ရောက်နေပြီ။ ကျနော်တို့အပါအဝင်လူအုပ်ကြီး ၃၇ လမ်းအတိုင်းပြေးဝင်သွားရတယ်။ ထရိတ်ဒါးဟိုတယ်ရှေ့ လမ်းမပေါ် ပြေးလွှားနေတဲ့လူအုပ်ကြီး ပြန်စုမိပြီး ကြွေးကြော်သံများနဲ့ အရှေ့ဘက် (ဘူတာကြီး ပန်းဆိုးတန်းဂုံးကျော်တံတားဘက်ဆီ) ဆက်လက်ထွက်ခွါ သွားတယ်။

ဆူးလေပတ်ပတ်လည်မှာလုံထိန်း၊ စစ်တပ် နေရာယူဝိုင်းထားပုံက အကျည်းတန်လှတယ်။ လူအုပ်ထဲမှာလည်းလေးဘက်လေးလံဝိုင်းပြီး ဒေါသနဲ့မဖွယ်မရာ အော်ဆဲသူ၊ ပုဆိုးလှန်ပြသူ၊အုတ်ခဲနဲ့လှမ်းထုသူ အသီးသီး ဖြစ်နေတယ်။ လူထုကရှေ့ကိုသာ မဲနေပေမဲ့ နောက်ဘက်မှာ စစ်တပ်ကဝိုင်းလာတော့ ပိတ်မိပြီး ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။ လုံထိန်းတွေက မဆိုင်သူတွေကိုပါ ရိုက်နှက်ပြီးခေါ် သွားတယ်။ မပြေးနိုင်တဲ့မိန်းခလေးတွေ လွန်စွာသနားဖို့ကောင်းတယ်။ ဝတ်ထားတာက ဂျင်းစကတ်မို့ ပြေးလွှားရခက်နေတာလဲရှိတယ်။

ဆေးရုံဘက်က သူငယ်ချင်းအကြောင်းကြားလာတယ်။ လူနာများစွာ လာတဲ့အထဲမှာ ဘုန်းတော်ကြီးနှစ်ပါး ပျံလွန်တော်မူသွားတာခိုင်လုံတယ်။ ဆေးရုံမှာ လူတွေထူထပ်များပြားလာတာကြောင့် စစ်တပ်ကြီး လာထိုင်ရတဲ့အခြေအနေထိ ဖြစ်သွားပါတော့တယ်။

**စိုင်းမင်းလွင် (သျှမ်းပြည်)**

၁၀၊ ၁၀၊ ၀၇

# ဗိုလ်သန်းရွှေရဲ့အမှားကြီး၊ ပြည်တွင်းမှာအရှူးမီးဝိုင်း ကမ္ဘာ့အသိုင်းအဝိုင်းကရှုပ်ချ




စက်တင်ဘာလနှောင်းပိုင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အရေးအခင်း အပေါ် ပြည်သူတွေအခဲမကျေသေးပါဘူး။ အားလုံးပြည်ဖုံးကားချ ပြီးဆုံး လွန်မြောက်သွားပြီလို့ ဘယ်သူမှမခံစားရပါဘူး။ နောက်ထပ် အချိန်မ ရွေးပေါက်ကွဲနိုင်တဲ့ မီးခဲပြာဖုံးအနေအထားပါလို့ အင်္ဂလိပ်သံရုံးအရာရှိ တစ်ဦးက ပြောခဲ့ပါတယ်။

မှန်ပါတယ်။ ဗမာပြည်ရဲ့လိမ္မော်ရောင်၊ နီညိုရောင်၊အဖြူရောင်၊ အဝါရောင်တော်လှန်ရေးဟာ အားမတန်လို့ မာန်လျှော့တာလုံးဝ မ ဟုတ်ပါဘူး။ အားမတန်လို့ အားပြန်မွေးနေတာဖြစ်ပါတယ်။

ငြိမ်းချမ်းစွာစုဝေးဆန္ဒပြတဲ့ အပြစ်မဲ့သံဃာတော်တွေနဲ့ ဝတ်ပြတ် ကြပ်တည်းတဲ့ ပြည်သူလူထုကို အင်အားသုံးပြီး ကြမ်းတမ်းရက် စက်စွာနှိပ်ကွပ်နှိမ်နင်းဖို့ ဆုံးဖြတ်လိုက်တဲ့ဗိုလ်သန်းရွှေဟာမဟာ့မဟာ အမှားကြီးကို ကျူးလွန်လိုက်တာဘဲလို့ မြန်မာ့အရေးသုံးသပ်သူ ဦးဝင်းမင်း ကဆိုပါတယ်။

ဘုန်းကြီးကျောင်းတွေကို အ,ကာလ ညဥ့်နက်ကြီးဝင်စီး၊ အကြမ်းဖက် ရိုက်နှက်ထုခွဲ ဆက်လက်ဖမ်းဆွဲ စစ်ကြောထောင်ချ၊ သွေး မြေကျစေတဲ့ စစ်အာဏာပိုင်တွေရဲ့ လူမဆန်လုပ်ရပ်တွေကြောင့် ကျောင်းသား ပြည်သူများရဲ့ နအဖဆန့်ကျင်ရေး တန်ပြန်တိုက်ခိုက်ရေး နည်းဗျူဟာတွေလဲဘဲ၊ အရင်ကထက် ပိုမိုစနစ်ကျ၊ ပိုမိုသိုသိပ် လျှို့ဝှက် ပိရိထိမိလာနိုင်ဘွယ် ရှိပါတယ်။ စိတ်ဆိုး ဒေါသထွက်နာကျည်းမှုကနေ၊ အခုဆိုရင် မြေပေါ် မြေအောက်နည်းနာပေါင်းစုံ အတိုင်အဖောက်ညီညာ လုံခြုံစွာ တိုက်ပွဲနည်းဗျူဟာတွေ ချလာဘွယ်ရှိပါတယ်။

လက်ရှိ ဗမာပြည်နိုင်ငံရေးပြဿနာ၊ အက်ကြောင်းပဋိပက္ခတွေ ဟာ ကုစားလို့မရတော့တဲ့ အတွင်းပိုင်းတင်းမာမှုတွေဖြစ်လို့ နအဖ စစ်အုပ်စုနဲ့ ဗမာစစ်တပ်ထဲမှာလဲ အယူအဆကွဲပြားမှုတွေ၊ အနာဂတ် အတွက်ရပ်တည်မှု ကွာခြားချက်တွေ မလွဲမသွေဖြစ်ပေါ် နေပါပြီ။အထူး သဖြင့် သံဃာတော်တွေကို နေ့စဉ်ရက်ဆက် နှိပ်စက်ဖမ်းဆီးနေတဲ့ကိစ္စ အပေါ် သဘောမတူနိုင်တဲ့ စစ်တပ်အရာရှိကြီးတွေ အများကြီးရှိမှာ သေချာပါတယ်။

ဗုဒ္ဓဘာသာဟာ ဗမာပြည်သူတွေအတွက် အဓိကအားထား ရာ မဏ္ဍိုင်ကြီးတစ်ခုပါ။ သံဃာတော်တွေအပေါ် ကြမ်းတမ်းယုတ်မာ စွာ နှိပ်ကွပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး၊ နအဖအတွင်းမှာ လက်မခံလိုတဲ့ အုပ်စုရှိလာပါတယ်။ အထူးသဖြင့် သံဃာ့ဂိုဏ်းပေါင်းစုံအပေါ် ကြည့်ရှု တာဝန်ယူရတဲ့ သာသနာရေးဝန်ကြီးဌာနထဲမှာ အမြင်ကွဲပြားမှုတွေရှိ နေတယ်လို့ ရန်ကုန်သံသမန်အသိုင်းအဝိုင်းက ဆိုပါတယ်။

တချိန်ထဲမှာဘဲ ဗိုလ်သန်းရွှေနဲ့ ဗိုလ်မောင်အေးတို့ကြားမှာလဲ လက်ရှိ အရေးအခင်းနဲ့စပ်လျဉ်းပြီး တစုံတရာအတိုင်း အတာအထိ ကိုင်တွယ် ပုံနဲ့ အမြင်ကွဲပြားမှုတွေ ရှိနေတယ်။ ရှေ့အလားအလာ မှာလဲ သူတို့ရဲ့ ရပ်တည်ချက်ပိုပြီး ကွဲပြားလာမယ်လို့ယူဆရပါတယ်။ ပြင်ပဖိအားနဲ့ ပတ်သက်ပြီး ဗိုလ်သန်းရွှေနဲ့ သူ့အခွေအရံဟာ တရုပ် နဲ့အာဇီယံတို့ရဲ့ တုန့်ပြန်မှုအပေါ် အတွက်မှားခဲ့တယ်လို့လဲ အင်္ဂလိပ် သံအမတ်တစ်ဦးက သုံးသပ်ပါတယ်။

*"တရုပ်နဲ့ အာစီယံတို့ရဲ့ ထုတ်ပြန်ကြေငြာချက်တွေမှာ သုံးနှုန်းထားတဲ့ ဘာသာစကားကို ကြည့်ခြင်းအားဖြင့် သိသာနိုင်တယ်။ အဲဒီစကားလုံးမျိုးကို သူတို့ ပထမဦးဆုံး သုံးနှုန်းထားတာဖြစ်တယ်။ရှေ့ လျှောက် ရန်ကုန်အစိုးရနဲ့ တရုပ်–အာစီယံအကြားမှာ အပြောင်းအလဲ ဆီဦးတည်ဖို့ အဓိပ္ပါယ်ရှိတဲ့ ဆက်ဆံရေးမျိုးဖြစ်လာမယ်လို့ ကျနော်တို့ ယုံကြည်မျှော်လင့်တယ်"* ဆိုပြီးတော့လဲမှတ်ချက်ချပါတယ်။

ဆိုလိုရင်းကတော့ ဗမာပြည်အတွင်း ပြုပြင်ပြောင်းလဲမှုဟာ လူသူတကာတွေ မျှော်လင့်ထားတာထက် မြန်ဆန်ကောင်း မြန်ဆန်နိုင် ပါတယ်။

မတိဇနု (၂၊ ၁၀၊ ၀၇)

# ဗမာပြည်က ဘုရားသားနဲ့ စစ်သား



ဗမာစစ်သားနဲ့ပုလိပ်တွေ ရွှေတိဂုံစေတီအပါအဝင် ဘုန်းကြီးကျောင်းတွေကို ဝိုင်းပိတ် ဝင်စီး၊ ဖမ်းချုပ်၊ သံဃာတွေ ဝင်ထွက်သွားလာမှုကို တားမြစ်တင်းကြပ်ချုပ်ချယ်၊ သံဃာတော်ရာနဲ့ချီ အတင်း သယ်ဆောင်နှိပ်စက် ချုပ်ထောင်ချ၊ကျောင်းသား နဲ့လူထုခေါင်းဆောင်တွေကို အပျောက်ရှင်းသတ်ဖြတ်တဲ့သတင်းတွေဖတ်ရှုရတာ အသဲနာလို့မဆုံးစုပ်တသပ်သပ်ဖြစ်မိပါတယ်။

အကယ်၍များ ဗုဒ္ဓဘာသာဝင် ဗမာပြည်သူတရပ်လုံး တတိုင်းပြည်လုံးအနှံ့ တကြိမ်တပြိုင်တည်း တရားထိုင်ဝတ်ပြု ဆုတောင်းပွဲတွေ လုပ်လိုက်ရင်၊ ဗမာ ရုပ်သံဖန်သားပြင်ပေါ် မှာမြင်နေကျ ယဲလိုး၊ ဆိုးဂျား၊ ဗဂိုးဒါး ပုံမှန်လှုပ်ရှားမှုဖြစ်တဲ့ စစ်ဗိုလ်ချုပ်တွေဘုရား၊ တရားကိုင်းရှိုင်းကြပုံဟာ ဟန်ပြအတုအယောင်လား၊ အစစ်အမှန်လားဆိုတာ ပိုပြီးပီပြင်စွာ သိသာပါလိမ့်မယ်။

ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခဲ့ကြတဲ့သံဃာတွေနဲ့ ကျောင်းသားပြည်သူတွေအပေါ် အင်အားသုံး အကြမ်းဖက်နှိပ်ကွပ်တဲ့ ဗမာစစ်သားနဲ့ပုလိပ်တွေရဲ့လုပ်ရပ်ဟာ လူထုနဲ့သံဃာတော်တွေကို ရန်သူအဖြစ်သဘောထား သတ်မှတ်လိုက်တာဘဲဖြစ်တယ်။ စစ်ဗိုလ်ချုပ်တွေကိုယ်၌က ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အများနည်းတူ ရတနာသုံးပါးကို ရှိခိုးပူဇော်တာကဘာအဓိပ္ပါယ်လဲ။။

တိုင်းပြည်နဲ့ နာမည်ကို စစ်အစိုးရက ပြည်ထောင်စုနိုင်ငံလို့ တရားဝင်ခေါ်ဝေါ်သုံးစွဲပေမဲ့ မည်ကာမတ္တ အရေခြုံရုံလောက်ပါ။ ဒီတိုင်းပြည်မှာ ဗမာလူမျိုးက ၆၀ ％ကျော်ရှိပေမဲ့ ၇ ပြည်ထောင်တိုင်းရင်းသားတွေဖြစ်တဲ့ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်၊ သျှမ်းတွေက ၄၀ ％နီးပါးရှိပြီး အားလုံးလိုလိုက ဗမာစစ်အစိုးရကို ကျူးကျော်ရန်သူအဖြစ် မြင်ကြပါတယ်။ ၇ ပြည်ထောင်ထဲက နယ်မြေဒေသတွေ တည်ငြိမ်နေ သယောင်တွေ့ရပေမဲ့ ဗမာစစ်အုပ်စုအပေါ် နှစ်ပေါင်းအတန်ကြာကတည်းက အံကြိတ် လက်သီးပုန်း ဆုပ်လာကြတာပါ။

အဲဒီလူမျိုးစုတွေရဲ့ အင်အားစုနဲ့ ဗမာပြည် ရဟန်းရှင်လူ အင်အားစုတို့ ချိတ်ဆက်ပေါင်းဖက်လိုက်ရင် ဗမာပြည်ရဲ့ နိုင်ငံရေးဟာရောမ မဟာပေါက်ကွဲမှုကြီးအတွက် အသင့်ဖြစ်နေတဲ့ နာကျည်းမှုပုံးကြီး ဖြစ်နေတယ်။ အခုတော့ အဲဒီခံပြင်းမှုပုံးကြီးကို စစ်အုပ်စုကိုယ်တိုင်ဖန်တီးနေတဲ့ စနက်တံက မီးစွဲနေပါပြီ။ ဒီမိုကရေစီလွတ်လပ်ခွင့်တွေကို အကောင်အထည်ဖော် ဆောင်ကြဉ်းပေးမဲ့ လူထုအုံကြွဆန့်ကျင်မှုပုံးကြီးတွေ တလုံးပြီးတလုံး ဆက်တိုက်ပေါက်ကွဲပါတော့မယ်။

ကနဦးပိုင်း ပဏာမစုဝေးဆန္ဒပြမှုမှာ စစ်အစိုးရချက်ချင်းကြီးအလျှော့ပေးပြောင်းလဲတဲ့ အရိပ်အယောင်မတွေ့ရသေးပေမဲ့ အဲဒီလူထုအုံကြွဆန့်ကျင်မှုက သဲထဲရေသွန် လုံးဝအချည်းနှီးမဖြစ်ပါဘူး။ ကျူပင်ခုတ် ကျူငုတ်မကျန် အမြစ်လှန် နှိပ်ကွပ်ဖမ်းဆီးမှုကို စစ်အာဏာပိုင်တို့ ရက်စက်ကြမ်းကြုတ်စွာ ဆက်တိုက်လုပ်လာပေမဲ့ ရေရှည်လူထုတိုက်ပွဲကို လုံးဝမဖြိုခွင်းနိုင်ပါဘူး။ စစ်အစိုးရက အကြမ်းဖက်နှိမ်နင်းလေပြည်သူတွေရဲ့ နာကျည်းမုန်းတီးမှု၊ စက်ဆုတ်ရွံရှာခံပြင်းမှု၊ ပိုမိုနက်ရှိုင်းလေ၊ ဆန့်ကျင်တော်လှန်မှု ပိုမိုပြင်းထန်ကျယ်ပြန့်လေဖြစ်လာမယ်။ တချိန်တည်းမှာဘဲ ကမ္ဘာ့အသိုင်းအဝိုင်းရဲ့ ပြစ်တင်ရှုပ်ချမှု ၊ ဖိအားပေးမှု၊ ဝိုင်းကြဉ်ပိတ်ဆို့မှု ခံရလေဖြစ်ပြီး နောက်ဆုံး နအဖအမြဲအားထားရတဲ့ တရုပ်၊ ကုလား၊ ရုရှားတို့လဲ မကူနိုင် မကယ်နိုင် ဖြစ်လာပါလိမ့်မယ်။

ဗုဒ္ဓဘာသာနိုင်ငံဖြစ်လျက်နဲ့ ဗုဒ္ဓဘုရားသားတော်တွေကို ရက်စက်သတ်ဖြတ်တဲ့ စစ်အစိုးရအပေါ် နိုင်ငံအသီးသီးက ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တွေလဲ အော့နှလုံးနာပြီး ဗမာပြည်သံဃာ၊ ပြည်သူတွေအပေါ် ပိုမိုမေတ္တာပွား သနားညှာတာလာနေပြီ။

အခု ဗုဒ္ဓဘာသာဝင် ထိုင်းပြည်သူတွေ လက်ငင်းလုပ်နိုင်တာက သွေးမြေကျ ဒဏ်ရာရ ဗမာပြည်သူ ရဟန်းရှင်လူနဲ့ ဗမာစစ်သား၊ပုလိပ်များကိုရည်စူးပြီး ဝတ်ပြုဆုတောင်းမေတ္တာပို့ လုပ်နိုင်ကြပါတယ်။ တကမ္ဘာလုံးရဲ့ မေတ္တာစွမ်းအားနဲ့ ဗမာပြည် အဘက်ဘက်အင်အားစုများတွေ့ဆုံဆွေးနွေးပြီး တရားနည်းလမ်းကျစွာ နိုင်ငံရေးပြဿနာ ဖြေရှင်းနိုင်ကြပါစေ။ ဗမာစစ်သားတွေက ဘုရားသားနဲ့ ပြည်သူပြည်သားများအပေါ် ဆက်လက်နှိပ်စက် သတ်ဖြတ် ဖမ်းဆီးမှုကနေ ရပ်တန့်ပါစေ။

ဝသိဿတေဇကုညဇရ
မတိချွန်း (၂၊ ၁၀၊ ၀၇)



# ဗမာပြည်အာဇာနည် သတင်းထောက် ခဲန်ဂျီနာဂါအိ



Photo : manager

အသက်ကို ဖက်နဲ့ထုပ်စွန့်စားရတဲ့ အရပ်ဒေသမှာ တပ်မက်မွေ့လျော်သူ ဂျပန်သတင်းထောက်ခမြာ ဗမာပြည် ဒီမိုကရေစီအရေးတော်ပုံမှာ ကျဆုံးခဲ့ရတာနှစ်မြောက်ဂုဏ်ယူစရာပါ။

ခဲန်ဂျီနာဂါအိ အလုပ်လုပ်တဲ့သတင်းဌာနက အေပီအက်ဖ် ဆိုတဲ့ ရုပ်သံသတင်းဌာနလေးတခုပါ။ ဂျပန်ပြည်ရဲ့ အခြားရုပ်သံသတင်းဌာနတွေ သွားရောက်စွန့်စားသတင်းရယူမှုမလုပ်ရဲတဲ့ သတင်းဦးသတင်းထူးတွေကိုတင်ပြလေ့ရှိတဲ့ အကျွမ်းတဝင်နာမည်ရ သတင်းဌာနပါ။

နာဂါအိရဲ့လက်သုံးစကားမှာ ဘယ်သူမှမသွားရဲတဲ့နေရာကိုသွားဝံ့တဲ့လူတစုံတယောက်ရှိရမယ် ဆိုတာလဲပါတယ်လို့အေပီအက်ဖ်သတင်းဌာန ထူထောင်သူ ထိုရုယာမဂျိက ပြန်ပြောပြပါတယ်။

လူလွတ်ဘဝကိုနှစ်သက်တဲ့ နာဂါအိအပေါ် သူ့မိဘတွေအမြဲပူပန်သောကရောက်ခဲ့ရပါတယ်။ ဘေးရန်အန္တရာယ်ထူပြောတဲ့နေရာဒေသတွေကိုမှ သွားရောက်စွန့်စားသတင်းယူချင်တဲ့ သူ့ရဲ့စရိုက်ကြောင့် အာဖကန်နစ္စတန်၊ မြောက်ကိုးရီးယား၊ အီရတ်စတဲ့ တိုင်းပြည်တွေကနေ ပြန်လာခဲ့ဖူးပြီ။

*“အန္တရာယ်များတဲ့ နေရာတွေထဲထပ်မသွားဖို့ သူ့ကိုကျမတိုးလျှိုးချော့မော့တယ်။ အာဖဂန်နစ္စတန်ကနေ ပြန်လာတယ်လို့ သူပြောပြီးနောက်ပေါ့။ ဒါပေမဲ့ဘယ်သူမှ သူ့ကိုမဟန့်တားနိုင်ပါဘူး”* လို့ အမေဖြစ်သူ မိဂျိကိုနာဂါအိက ပြောပြတယ်။

နာဂါအိဟာ ညာဖက်ရင်အုံအောက်နားမှာ အနီးကပ်အပစ်ခံရလို့ အသက်ဆုံးရှုံးရတာဖြစ်တယ်။ အဲဒါကြောင့် ဂျပန်အစိုးရအဖို့ မတော်တဆကြားက ကျည်ဆံထိခံရတယ်ဆိုတာထက် တမင်သက်သက် အလုပ်ကြံခံရတယ် လို့ဘဲ ယူဆထားတယ်။

သူ့အဖေ ဟိဒေအိုနာဂါအိကလဲ “ဒီလိုရက်စက်ရိုင်းစိုင်းတဲ့ လုပ်ရပ်မျိုးလုံးဝမလုပ်သင့်ဘူး။ အဲဒီအဖြစ်မျိုးနောက်ထပ်မမြင်လိုဘူးလို့ ဗမာစစ်အစိုးရကို ကျုပ်ပြောချင်တယ်” လို့ဆိုတယ်။

ဗမာပြည်ထဲဝင်မသွားခင်မှာ နာဂါအိတယောက် ဘန်ကောက်မှာ အလုပ်လုပ်နေခဲ့တယ်။ ဒါပေမဲ့ ဗမာပြည်သံဃာ၊ ပြည်သူတွေ စုဝေးဆန္ဒပြသပိတ်မှောက်မှု ပေါက်ကွဲကျယ်ပြန့်လာတာနဲ့သူဘာမှ စောင့်ဆိုင်းမနေတော့ဘဲ စက်တင်ဘာ ၂၅ ရက်မှာ ရန်ကုန်ကို ချက်ချင်းရောက်သွားပါတယ်။

ကံဆိုးချင်တော့ အာဂသတင်း သိန်းငှက်ခမျာ ဘေးဘယာအန္တရာယ်ကြား နှစ်ရက်လောက်ဘဲ ပြေးလွှားလှုပ်ရှား သတင်းယူတုန်း စစ်အာဏာရှင်တို့ရဲ့ ဖိဝိန်ချေပြစ်တာ ခံရပြီး ဘဝနိဂုံးချုပ်ခဲ့ရပါတယ်။

မတိချွန်း ၃၀၊ ၉၊ ၀၇



Photo : manager

# ကိုယ်ကျိုးစီးပွားအတွက် အာဏာလက်မလွှတ်လို

အင်အားကြီးနိုင်ငံအချို့အပါအဝင်အီးယူ၊ အာဆီယံ၊ ကုလသမဂ္ဂစတဲ့ကမ္ဘာ့အဖွဲ့အစည်းကြီးတွေကသွေးအိုင်ထွန်းဗမာပြည် တင်းမာမှုကို ဖျောင်းဖျဖြေလျော့ဖို့ နည်းလမ်းရှာကြိုးပမ်းကြပေမဲ့ ဗမာစစ်အစိုးရအနေနဲ့ သံဃနဲ့ကျောင်းသားပြည်သူတွေအပေါ် အကြမ်းဖက် နှိပ်ကွပ်ဖမ်းဆီးတာတွေ ရပ်တန်းကမရပ်သေးပါဘူး။

လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး အခုအချိန်အထိ အနောက်အုပ်စုက စီးပွားရေးပိတ်ဆို့မှု၊ ဗိုလ်သန်းရွှေအပါအဝင် နအဖထိပ်သီးကြီး ၁၃ ယောက်အပေါ် ပြည်ဝင်ခွင့်ဗီဇာကန့်သတ်မှု၊ နအဖပိုင် ပြည်ပရှိ ငွေကြေးများထိန်းချုပ်မှု စတာတွေပြုလုပ်လာပေမဲ့ ဗမာစစ်အုပ်စုအတွက် (ရီတာပေ့ါ– ပန်းပန်လျက်) ဟန်မပျက် ပုံစံမျိုးဖြစ်နေပါတယ်။

အကြောင်းကတော့ နအဖထိပ်သီးကြီးများရဲ့ ငွေကြေးခနအများစုဟာ အမေရိကလို၊ ဥရောပလိုနိုင်ငံတွေမှာ သိပ်ထားတာမရှိဘဲ စင်္ကာပူဘဏ်မှာ အပ်နှံထားလို့ပါဘဲ။



ဗမာပြည်ရဲ့ တင်းမာမှုကိုဖြေရှင်းနိုင်အောင် အိမ်နီးချင်း အင်အားကြီး နိုင်ငံနှစ်ခုဖြစ်တဲ့ တရုပ်နဲ့အိန္ဒိယတို့ကနေ ဝိုင်းဝန်းကူညီကိုင်တွယ်ဖို့ နိုင်ငံတကာမိသားစုက ချဉ်းကပ်ပူဆာလာကြပါတယ်။ ဒါပေမဲ့ စင်္ကာပူတက္ကသိုလ် အရှေ့တောင်အာရှ သုတေသနဌာနမှ ကျွမ်းကျင်သူတစ်ဦးက တရုပ်အစိုးရအဖို့ ဗမာပြည်ရဲ့ ပြည်တွင်းရေးကိစ္စသက်သက်ဖြစ်လို့ မစွက်ဖက်လိုဘူးဆိုတဲ့ပေါ်လစီ လက်ကိုင်ထားသမျှ ကာလပတ်လုံး ဘယ်သူဘာပြောပြော ဗမာစစ်အာဏာရှင်တွေ နားဝင်မှာမဟုတ်ဘူး လို့ပြောပါတယ်။

လက်ရှိ ဗမာစစ်အစိုးရပြုတ်ကျသွားရင် အနှစ် ၂၀ အတွင်း အမြောက်အများရင်းနှီးမြှုပ်နှံထားတဲ့ မိမိတို့ရဲ့ စီးပွားရေး ထိခိုက်မှာကို တရုပ်က အထူးစိုးရိမ်နေပုံရပါတယ်။ အထူးသဖြင့် ဗမာပြည်ကရတဲ့ ရေနံနဲ့သဘာဝဓါတ်ငွေ့ လက်လွှတ်ဆုံးရှုံးရမှာကို တရုပ်က မလိုချင်ပါဘူး။

အဲဒါကြောင့် နအဖနဲ့ ဆက်ဆံရေးမပျက်ပြားရလေအောင် အထူးသတိထားနေရပါတယ်။

အိန္ဒိယကတော့ ဗမာပြည်သူတွေရဲ့ ဒီမိုကရေစီတောင်းဆိုတဲ့ လှုပ်ရှားမှုကိုထောက်ခံတယ်ဆိုပေမဲ့ ဗမာစစ်အစိုးရကို ဖြောင်းဖြနားချဖို့ (ဝင်ရောက်လက်လျှို) ကူညီဖြေရှင်းဖို့ကျတော့ အင်တင်တင်ဖြစ်နေတယ်။ အကြောင်းကတော့ မိမိရဲ့စီးပွားရေးအုဋ္ဌမြစ် အခြေခိုင်ဖို့ပံ့ပိုးရာမှာ ဗမာပြည်က ရေနံနဲ့ဓါတ်ငွေ့ကို (တရုပ်နည်းတူ) အလိုရှိလို့ပါဘဲ။ ဒီ့အပြင် အိန္ဒိယကို တော်လှန်တိုက်ခိုက်နေကြတဲ့ အရှေ့မြောက်ဘက် နယ်စပ်ဘက်က ဗမာပြည်ထဲ ခိုလှုံနေကြတဲ့ ခွဲထွက်ရေးအဖွဲ့တွေ ကူညီသုတ်သင်ရှင်းလင်းဖို့ နအဖစစ်အုပ်စုကို အားထားနေရလို့ပါဘဲ။

ဘာဘဲဖြစ်ဖြစ်ဗမာပြည်ရဲ့တင်းမာမှု ပဋိပက္ခဟာ ရှေ့လျှောက် ဆက်လက်ရှိနေဦးမှာဖြစ်တယ်။ အဆုံးစွန်အထိ ဘယ်လိုဆက်စခန်းသွားမယ်ဆိုတာ ပီပီပြင်ပြင်မြင်သာအောင် သုံးသပ်ရခက်ပါတယ်။ ဒါပေမဲ့ အာဆီယံအဖွဲ့ဝင်အဖြစ် ဗမာကိုပါဝင်စေခြင်းဟာ ငါးပုပ်တစ်ကောင် လှေဝမ်းထဲဆွဲထဲ့လိုက်သလို ဖြစ်ခဲ့ပါတယ်။သူ့ကို ဘာမှလုပ်လို့ မရဘဲ ဆုပ်လဲစူး၊ စားလဲရှူးအဖြစ်နဲ့ ရင်ဆိုင်နေရတယ်။

ဗမာပြည်သူတွေအတွက် ထွက်ပေါက်တစ်ခုဘဲရှိပါတယ်၊ လူထုရဲ့ အနာဂတ်မျှော်လင့်ချက်အိပ်မက်အတွက် ဒီမိုကရေစီကို အသက်နဲ့လဲသင့်လည်း လဲရပါလိမ့်မယ်။

စစ်အာဏာရှင် အစိုးရရဲ့ကံကြမ္မာကလဲ ကံသေကံမ၊ မရေရာလှတော့ဘူး။ ပြည်သူပိုင် သဘာဝသယံဇာတနဲ့ အပေးအယူလုပ်ဈေးဆစ်ပြီး မိမိသက်ဆိုးရှည်အောင် ရေနံနဲ့ဓါတ်ငွေ့ကို ကတုတ်ကျင်းအဖြစ် အသုံးချနေလို့ပါ။

အာနန္ဒာဝ ငွေရောင်ခြည်
(၃၀၊ ၉၊ ၂၀၀၇)



# တရုပ်ပြောမဲ့ ဒေသတွင်းလုံခြုံရေးခြိမ်းခြောက်မှု




ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အတိုက်အခံနိုင်ငံရေးပါတီ အားလုံးရဲ့လှုပ်ရှားမှုအပေါ် ချော့မြှောက်ခြောက်နည်းပေါင်းစုံသုံးဖြိုခွင်း၊ ညှင်းပန်းနှိပ်စက်သတ်ဖြတ်မှုနဲ့ နှစ်ရှည်ထောင်ဒဏ်ချမှုတွေအပြင်ကျန်ရစ်တဲ့မိသားစုရဲ့ စားဝတ်နေရေး အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်း ခွင်တွေလဲ ဟန့်တားနှောင့်ယှက် ဖျက်ဆီးပိတ်ပင် ခံနေရပါတယ်။ မိသားစုကို ပြန်ပေးဆွဲ ဓါးစာခံလုပ်ထားတာဖြစ်တယ်။

စစ်တပ်လူတန်းစားဟာ ပြည်သူလူထုကနေ မွေးထုတ်ပေါက်ဖွားလာခဲ့တဲ့ ပြည်သူလူထုရဲ့ရင်သွေး သားသမီးတွေဘဲ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အကောက်ခွန်အမျိုးမျိုးကနေ လစာစားရိတ် စားသောက်နေထိုင်ရေး၊ ယူနီဖောင်း ဝတ်စုံ၊ လက်နက်ကြီးငယ်၊ ခဲယမ်းမီးကျောက်၊ ဆေးဝါးစတဲ့ကာကွယ်ရေးဘတ်ဂျတ် အလုံးစုံကိုပေးဆောင်ရတာဖြစ်တယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးခြင်းအလျဉ်းမရှိ၊ ကျောင်းသားပြည်သူ ရဟန်းရှင်လူကို နှိပ်ကွပ်သတ်ဖြတ် သွေးမြေကျစေခဲ့တာ ၄၅ နှစ်ရှိခဲ့ပါပြီ။ ခေတ်သစ်အဇာတသတ်တပ်ဖွဲ့များဖြစ်ပါတယ်။

နအဖ ဖက်ဆစ်တို့ရဲ့အစဉ်တဆက် ရိုင်းစိုင်းကြမ်းကြုတ်မှုများကို အမေရိကန် ဥရောပစတဲ့ ဒီမိုကရေစီနိုင်ငံများက ကန့်ကွက်ပြောဆိုရှုပ်ချလာတော့ အမေရိကန်နဲ့ အနောက်အုပ်စု ဆန့်ကျင်ရေးအတွက် ကြပ်ပြေးဒေသကို ထွက်ပြေးပြီး အန္တရာယ်ကာကွယ်ရေးလုပ်လာရတယ်။ ကြပ်ပြေးမြို့တော်သစ်လုံခြုံရေးအတွက် တောင်ပေါ်ဒေသ ကရင်လူမျိုးရဲ့ ဘိုးဘွားစဉ်ဆက်လက် ငုတ်ကျေးရွာများကို မောင်းထုတ်မီးရှို့ဖျက်ဆီး နှိပ်စက်သတ်ဖြတ်ခဲ့ပါတယ်။

လူ့အခွင့်အရေး အလွန်အကျွံချိုးဖောက်နေတဲ့ ဒီလုပ်ရပ်တွေအပေါ် နိုင်ငံတကာကကန့်ကွက်ပြောဆိုပြီး ရပ်တန်းကရပ်ဖို့ အကြိမ်ကြိမ်တောင်းဆိုတာကို နအဖတို့နာယူခြင်းမရှိလို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိ တင်သွင်းရ တဲ့အဆင့်ရောက်ခဲ့ပါတယ်။ ဇန္နဝါရီ ၁၂ ရက် ၂၀၀၇ လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအတွက် အရေးယူဆောင်ရွက်နိုင်ဖို့ဆုံးဖြတ်ရာမှာ တရုပ်နဲ့ရုပ်ရှားနိုင်ငံတို့က ဗီတိုအာဏာသုံးပြီးပယ်ချခဲ့ပါတယ်။

၂၀၀၇ ခုနှစ် စက်တင်ဘာမှာ ငြိမ်းချမ်းစွာအကြမ်းမဖက် ဆန္ဒပြတာကို လူသားမဆန် အင်အားသုံးဖြိုခွဲခဲ့တာကြောင့် လုံခြုံရေးကောင်စီဆီ ထပ်တခါရောက်ပြန်လို့တရုပ်က ကန့်ကွက်ခဲ့တယ်။ နအဖ အပေါ် အရေးယူဖို့ ဆုံးဖြတ်မယ်ဆိုရင် ဗီတိုသုံးမယ်လို့ ဟုခြိမ်းခြောက်ပြန်တယ်။

တရုပ်အစိုးရအကြောင်းပြချက်က (ပြည်သူများအပေါ် နအဖရဲ့ အကြမ်းဖက် နှိမ်နင်းမှုဟာ) ဗမာပြည်ရဲ့ ပြည်တွင်းရေးသာဖြစ်လို့ ဝင်ရောက်မစွက်ဖက်သင့်ကြောင်း၊ ဒေသတွင်းလုံခြုံရေးကို မခြိမ်းခြောက်မထိခိုက်နိုင်သေးကြောင်း၊ ဒါကြောင့် ဗမာပြည်ကို အရေးယူဖို့ မပြုလုပ်သင့်ကြောင်း ပြဆိုပါတယ်။

နအဖ က ပြည်သူလူထုအပေါ် ရက်စက်စွာ လူ့အခွင့်အရေးကျူးလွန်နေတာကို အထင်အရှားသိနေပါလျက်နဲ့ ဘက်လိုက်ပေးခြင်းသာ ဖြစ်တယ်။ တရုပ်ရဲ့ ယူနန်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အိန္ဒိယသမုဒ္ဒရာ ရေလမ်းတံခါးပေါက်ရရှိနေခြင်းနဲ့ တရုပ်ထုတ်ကုန်ဈေးကွက်ရရှိခြင်း၊ ဗမာပြည်က သစ်အမျိုးမျိုး၊ ရေနံ ဓါတ်ငွေ့အပါအဝင် သယံဇာတတွေကို ရယူနိုင်ခြင်းအပြင် တရုပ်လုပ်ငန်းရှင်တွေအတွက် ဆောက်လုပ်ရေး စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အရေးတွေကြောင့်ဖြစ်တယ်။ အပြည်ပြည်ဆိုင်ရာအဆင့် နိုင်ငံရေးစစ်ရေး အားပြိုင်ရာမှာ အမေရိကန်နဲ့ အနောက်အုပ်စုဆန့်ကျင်ရေးအတွက် ဗမာပြည်ကို နောက်လိုက် လက်ကိုင်တုတ်တပည့်ကောင်း အဖြစ်မွေးမြူလိုက်တာဖြစ်တယ်။

စာမျက်နှာ ၃၈ သို့

# ဗုဒ္ဓဩဝါဒ နအဖတို့ နာယူကြ



နအဖ အုပ်ချုပ်ရေး ယန္တယားလည်ပတ်နိုင်ရေးအတွက်လိုအပ်နေတဲ့ ဘတ်ဂျက်အသုံးစားရိတ် မလုံလောက်တာကြောင့် (စစ်ဗိုလ် အုပ်စုနဲ့ဦးပိုင်ကုမ္ပဏီတို့က တိုင်းပြည်ရဲ့အမြတ်အစွန်းရ လုပ်ငန်းခွင် အားလုံး လက်ဝါးကြီးအုပ် ကိုယ်ကျိုးပြုထားလို့ ) ဖြည့်စွက်နိုင်ရေး အတွက် ပြည်သူကိုပါတာဝန်ယူစေတဲ့သဘောနဲ့ လောင်စာဆီဈေးနှုန်း အဆမတန် တိုးမြှင့်ခဲ့တယ်။

နေ့စဉ်အသုံးစာရိတ်နဲ့ စားသောက်ကုန်ဈေးနှုန်းများကမောက်ကမဖြစ်လို့ကျောင်းသားနဲ့ရဟန်းသံဃာတွေပြည်သူ့ရှေ့ရပ်ပြီးကုန်ဈေးနှုန်းကျဆင်းရေး တောင်းဆိုဆန္ဒပြတာကိုနအဖစစ်အာဏာရှင်တို့က ထုံးစံအတိုင်း စစ်အင်အားသုံး ဖြိုခွဲခဲ့ပါတယ်။

ကျောင်းသား၊ ပြည်သူ၊ရဟန်းသံဃာ ၂၀၀ ကျော်ကျဆုံး ၆၀၀၀ လောက် ဒဏ်ရာရဖမ်းဆီးထောင်ချခံခဲ့ပါတယ်။ဖြိုခွဲရေးမှာလက်နက်ကိုင်တပ်၊ ပုလိပ်တပ်ဖွဲ့တွေအပြင် ဓါးကိုင်ဒုတ်ကိုင်၊ မီးသတ်၊ ကြံ့ဖွတ်နဲ့ အလုပ်လက်မဲ့၊ လူဆိုးသူခိုး၊ စွမ်းအားရှင်တွေအသုံးချပြီး ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ရိုက်နှက်သတ်ဖြတ် ဖမ်းဆီးပါတယ်။

တပြည်လုံးအတိုင်းအတာဆောင် အရေးတော်ပုံကြီးကို လူသားမဆန် ရက်စက်ယုတ်မာကြမ်းကြုတ်စွာ သတ်ဖြတ်နှိမ်နင်းတာ ကုလသမဂ္ဂ၊အမေရိကန်၊ ဥရောပနဲ့ တကမ္ဘာလုံးက ဝိုင်းဝန်းရှုံ့ချကန့်ကွက်ပြီး ငြိမ်းချမ်းစွာဖြေရှင်းဖို့ ဖိအားပေးလာပါတယ်။

နအဖရဲ့ အလွန်အကျွံလုပ်ဆောင်မှုကို သူတို့ရဲ့ဗိုလ်၊ ဆရာသခင် တရုပ်နဲ့ရုရှားတို့ကတောင် အပြည့်အဝကာကွယ်ပေးနိုင်ခြင်း မရှိတော့ဘဲ လေသံပြောင်းသွားတာကြောင့် နအဖသန်းရွှေအုပ်စုက ကန့်သတ်ချက် ၄ ရပ်ကိုလက်ခံရင် အတိုက်အခံခေါင်းဆောင်ဒေါ်စုနဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်နိုင်မယ်လို့ အဆိုပြုလာပါတယ်။

ဗိုလ်သန်းရွှေရဲ့ အဆိုပြုချက်ကိုလေ့လာရင် လက်ရှိဖြစ်နေတဲ့ ပဋိပက္ခပြဿနာအားလုံးဟာ ဒေါ်စုဖန်တီးလို့ဖြစ်ရပြီး ဒေါ်စုအမှားဝန်ခံလျှော့ပေးဖို့ဖြစ်ပါတယ်။ နအဖက ဖန်တီးလာတဲ့ကိစ္စကို ဒေါ်စု ဘယ်လိုလက်ခံမယ်ဆိုတာ မသိနိုင်ပါ။ သူခိုးကလူပြန်ဟစ်တာ ကမ္ဘာကို လိမ်ညာလို့ လက်ရှိနိုင်ငံတကာရဲ့ဖိအားပေးမှု အရှိန်လျှော့ချနိုင်ဖို့ အချိန်ဆွဲတာဖြစ်ပါတယ်။

ဒီလိုပုခုံးပြောင်း အပြစ်ရှာဘို့ ဥာဏ်နီဥာဏ်နက်နည်းကို နအဖအသုံးပြုတာ များပါပြီ။ ဒေါ်စုလက်မခံခဲ့ရင် အားလုံးသောပြဿနာဟာ (၁၀) နှစ်ကျော်အိမ်ပြင်မထွက်ရဘဲ အဖမ်းခံဘဝကျရောက်ရသူကို အပြစ်လုပ်တာဖြစ်နေပါတယ်။

ဗိုလ်သန်းရွှေရဲ့ နားလှည့်ပါးရိုက် ကန့်သတ်တောင်းဆိုချက်ကို ဝေဖန်ဆန်းစစ်ကြတဲ့ ခေါင်းဆောင်များ ပညာရှင်များရဲ့ ထင်မြင်ချက် အမျိုးမျိုး ထွက်ပေါ်လာပါတယ်။ အဲဒီကလိမ်ကကျစ် ဗိုလ်သန်းရွှေရဲ့ ကန့်သတ်ချက် ( ၄ ) ရပ်ကိုတစ်ခန်းထားစဉ်းစားလိုက်ပြီး၊ တကယ်လို့ ဆွေးနွေးပွဲဖြစ်ခဲ့ပါရင် အောက်ပါအချက်တွေ ဒေါ်စုရော ဗိုလ်သန်းရွှေပါ လက်ခံကျင့်သုံးနိုင်ပါ့မလားဆိုတာ မေးခွန်းထုတ်စရာပါ။

ဆွေးနွေးရေးမှာ အဓိကလိုက်နာကျင့်သုံးဖို့ ဗုဒ္ဓဩဝါဒမဘုရားဆိုဆုံးမ ထားတာကို လေ့လာကြည့်စေချင်တယ်။

(၁) ပညာရှိသည်ဟု မထောင်လွှားဘဲ ဆွေးနွေးခြင်း။
(၂) မပုံ့လွင့်သည့်စိတ်ဖြင့် အလေးတယူထား ဆွေးနွေးခြင်း။
(၃) ဂုဏ်မပြိုင် နိုင်ထက်စီးနင်းမပြုဘဲ ဆွေးနွေးခြင်း။
(၄) တဦးနှင့်တဦး ငြူစူမှုမရှိဘဲ ဆွေးနွေးခြင်း။
(၅) ပြဿနာကို ကောင်းစွာသိပြီး တင်ပြခြင်း။
(၆) သူတစ်ပါးကိုမချုပ်ချယ် မစောင်းမြောင်းခြင်း။
(၇) ချွတ်ချော်သည့် စကားဖြင့်လည်း အပြစ်မယူခြင်း။
(၈) ပါဠိပါတ်သားများရေရွတ်ပြီး (အများနားမလည်သော ဘာသာစကားဖြင့်) လည်းလွှမ်းမိုးမပြောခြင်း
(၉) အကြောင်းပြပြီး ဖိနှိပ်မှု မပြုခြင်း။
(၁၀) အမှန်အမှား ရောထွေးသည့် စကားမပြောခြင်း–လို့ဆို ထားပါတယ်။

ပြဿနာများ မဆွေးနွေးသင့်တဲ့ ပုဂ္ဂိုလ်ကိုလည်း ဗုဒ္ဓဩဝါဒမ ညွှန်ပြဆုံးမ တော်မူခဲ့တာကတော့ –

(၁) ပြဿနာမေးလိုက်သောအခါ တိုက်ရိုက်ဖြေဆိုရမည့် ပြဿနာမျိုးဖြစ်ပါလျက် တိုက်ရိုက်မဖြေဆိုသူ။
(၂) ဝေဖန်ပြီးဖြေဆိုရမည့် ပြဿနာကိုလည်း ဝေဖန်ပြီး မဖြေဆိုသူ။
(၃) တဖန်ပြန်မေးပြီးဖြေရမည့် ပြဿနာမျိုးကိုလည်း ပြန်မေးပြီး မဖြေဆိုသူ။

(၄) ပြဿနာမေးလိုက်သောအခါ အကြောင်းဟုတ်သည် မဟုတ်သည်ကိုလည်း မကြည့်သူ။
(၅) ကြံ့ဆအပ်သည်ကိုလည်းမကြံ့ဆသူ။
(၆) သိရမည့်ဝါဒကိုလည်းမပြနိုင်သူ။
(၇) ဖြေဆိုသူတို့၏ကျင့်ဝတ်၌လည်းမတည်သူ။
(၈) ပြဿနာမေးလိုက်သောအခါ စကားတခုကို အခြားစကား တခုဖြင့် (အာရုံပြောင်းလဲစေရန်) ဖုံးကွယ်သူ။
(၉) မေးလိုက်သည့်ပြဿနာနှင့် မဆိုင်သော အပြင်စကားများကိုပြောပြီး ပြဿနာကိုပယ်တတ်သူ။
(၁၀) စိတ်ဆိုးအမျက်ထွက်ပြီး မနှစ်သက်ဖွယ်အမူအရာကို ထင်ရှားစွာပြတတ်သူ။
(၁၁) ပြဿနာမေးလိုက်တဲ့အခါ ပါဠိပါတ်သား တသီကြီး ရွတ်ပြီး (အများနားမလည်သောစကားဖြင့်) တဘက်သား အပေါ် လွှမ်းမိုးကြိုးစားသူ။
(၁၂) အကြောင်းအမျိုးမျိုးပြပြီး ဖိနှိပ်သူ။
(၁၃) တတ်ယောင်ကားပုံစံမျိုးဖြင့် မေးသူ၏စိတ်တွင် သံသယ ရှိလာစေရန် ဟားတိုက်ရယ်မောတတ်သူ။
(၁၄) အနည်းငယ် မှားယွင်းချွတ်ချော်သည်ကိုတွေ့သည်နှင့် အမှားဖမ်းတတ်သူ -- လို့ ဆိုထားပါတယ်။

သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓဘုရားရဲ့ အဆုံးအမကို ဆိုင်ရာတို့က ဉာဏ်ကစားအသုံးပြုနိုင်ရင် တိုင်းပြည်အကျိုး၊ အများပြည်သူအကျိုး ဖြစ်ထွန်းနိုင်ပါတယ်။

၁၉၆၂ မှာအစပြုတဲ့ ( ၄၅ ) နှစ်ကျော်ဆင်းရဲဒုက္ခဝဲသြဃထဲက မီးခဲပြာဖုံးမကျေနပ်ချက်တွေကို နအဖတို့ မီးလောင်ရာလေပင့် လုပ်လိုက်တယ်။ လောင်စာဆီဈေး အဆမတန်တိုးမြှင့်ပြီး စားသောက်ကုန်ဈေးနှုန်း အသုံးစာရိတ်တွေ မနိုင်မနင်းဖြစ်လို့ ဆန္ဒပြတောင်းဆိုရတာဖြစ်တယ်။ စစ်အာဏာပိုင်တွေ နှိပ်ကွပ်သတ်ဖြတ် သွေးချောင်းစီးစေတာဟာ ဘယ်သူကအစပြုလို့ ဘယ်သူကချုပ်ငြိမ်းစေရမလဲ?။ လောင်စာဆီဈေးနှုန်းကို ဒေါ်စုမသတ်မှတ်ရပါ။ ဘုမသိ ဘမသိတဲ့ဒေါ်စု ဖြစ်နေရပါပြီ။

ပြဿနာတိုင်း မျက်နှာရ နာမည်ကောင်းရတာမှန်သမျှ နအဖတို့ရယူပြီး အပြစ်ဟူသမျှ ဒေါ်စုကိုပုံချပေးနေတာကတော့ အစဉ်တစိုက် လိမ်ညာညစ်ပတ်စုတ်ပွဲ ရိုင်းစိုင်းတဲ့ နအဖအကျင့်ပါ။

စေတနာမပါ ရိုးသားမှုမရှိတဲ့ အရိုင်းတကာ့အရိုင်းဆုံး နအဖ ဗိုလ်သန်းရွှေအုပ်စုရဲ့ ဉာဏ်နီဉာဏ်နက်ပရိယာယ်ကို ဗမာပြည်သူလူထု ကောင်းစွာသိသလို နိုင်ငံတကာကလည်း အမှန်အတိုင်းသိရှိနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

စဝ်ဘုန်းလှိုင် (တောင်ကြီး) ၁၅ ၊ ၁၀ ၊ ၂၀၀၇

စာမျက်နှာ ၃၆ မှ

ပြည်သူလူထု၊ ကျောင်းသား၊ ရဟန်းသံဃာတွေ ရိုက်နှက်သတ်ဖြတ်ဖမ်းဆီးနေတာကို တရုပ်နဲ့ရုပ်ရှားတို့က ဒေသတွင်းလုံခြုံရေး မခြိမ်းခြောက်သေး မထိခိုက်သေးဘူးလို့ပြောဆိုရင် ဗမာပြည်မှာ အောက်ပါလုပ်ဆောင်ချက်တွေ လွတ်လပ်စွာ စီမံကိန်းချလုပ်ပိုင်ခွင့်ပေးမှာဖြစ်တယ်။

၁။ ဗိုလ်သန်းရွှေ ဗိုလ်မောင်အေး ဗိုလ်ရွှေမန်းနဲ့ အမေရိကန်

အစိုးရ (သို့) ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ဖက်စပ်လုပ်ငန်းတွေ မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ မန္တလေးတို့မှာ စက်ရုံအလုပ်ရုံများဖွင့်လှစ်စေပြီး အမေရိကန်လုပ်ငန်းရှင်တွေ ဥဒဟို ဝင်ထွက်သွားလာနိုင်ရမယ်။

၂။ ဗမာပြည်တွင်းလေကြောင်းခရီးစဉ်တွေမှာ အမေရိကန်

လုပ်ငန်းရှင်များရဲ့ ခရီးသည်တင်လေကြောင်းလိုင်းတွေ ပျံသန်းခွင့် ပေးရမယ်။

၃။ အမေရိကန် ဥရောပနိုင်ငံများ တည်ဆောက်ထောက်ပံ့

ထားတဲ့ မိဘမဲ့ခလေးကျောင်း ဒုက္ခိတနားမကြား ဆွံ့အသူများ ကူညီရေးဌာန၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်ခွင့် ပေးရမယ်။

၄။ အမေရိကန်အစိုးရ (သို့) ပုဂ္ဂလိက (သို့) သာသနာပြု

များရဲ့ **HIV-AIDS**၊အဆုတ်ရောဂါကုသရေးအပါ အဝင်ဆေးရုံဆေးပေးခန်းများ ဖွင့်လှစ်ခွင့်ပေးရမယ်။

၅။ အမေရိကန် ဥရောပနိုင်ငံခေါင်းဆောင်တွေနဲ့ နအဖ အကြီးအကဲတွေ အပြန်အလှန်သွားလာ လည်ပတ်ခွင့်ရှိရမယ်။

၆။ အဆိုပါ ပြည်ပထောက်ပံ့ထားတဲ့ ကျောင်း၊ ဆေးရုံ

စောင့်ရှောက်ရေးဌာနတွေမှာ အန္တရာယ်မရှိ ဖြူစင်စေတနာဝန်ထမ်းဌာနများဖြစ်ကြောင်း အသိအမှတ်ပြုတဲ့ ဘာသာ၊ သာသနာပေါင်းစုံ အလံတော်တွေ လွှင့်ထူနိုင်ရမယ်။

အနောက်အုပ်စုရဲ့ခရီးသည်တင် လေယာဉ်တွေမှာ သာသနာအလံပေါင်းစုံနဲ့ စိပ်ပုတီးရေးဆွဲ ချိပ်ဆွဲထားရင်တောင်မှ တရုပ်သဘောထားက အခြေအနေအရ ဒေသလုံခြုံရေးစိုးရိမ်လာရပြီ၊ ခြိမ်းခြောက်လာနေပြီ။ အမေရိကန်၊ဥရောပ ကုလလုံခြုံရေးကောင်စီက အရေးယူထိန်းသိမ်းပေးပါလို့ ပြောဆိုလာမှာ အသေအချာပါ။

ဗမာပြည်ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍအားလုံးမှာအမေရိကန်နဲ့ အနောက် ဥရောပနိုင်ငံများရဲ့ ခြေရာလက်ရာနဲ့စွက်ဖက်မှုလုံးဝမရှိစေရေးဟာ တရုပ်အစိုးရရဲ့အဓိက ရပ်တည်ချက်ဖြစ်နေတာကြောင့်ပါ။

စဝ်နော်လိတ် (မိုင်းနောင်)
၁၀၊၁၀၊၀၇

# ကျဆုံးပျံလွန်သံဃာတော်များအတွက်ဆုတောင်းပွဲ

ထိုင်းနယ်စပ်တလျှောက်ရှိ သျှမ်းလူမျိုးတွေက တလောက ဆန္ဒပြရင်း ပျံလွန်တော်မူသွားခဲ့ရတဲ့ သံဃာတော်တွေအတွက် ရည်စူးပြီး ဆုတောင်းပွဲတွေကို အောက်တိုဘာ ၁၁ ရက် နယ်စပ်တလျှောက် မြို့ပေါင်း ၁၀ မြို့လောက်မှာ တပြိုင်နက်ထဲ ကျင်းပခဲ့ပါတယ်။

ဗမာပြည်မှာဆန္ဒပြတဲ့ သံဃာတော်တွေကို ထောက်ခံဂုဏ်ပြုတဲ့အနေနဲ့ကော စစ်အစိုးရဖြို့ခွင်းမှုတွေမှာ ပျံလွန်တော်မူခဲ့ရတဲ့ သံဃာတော်တွေအတွက် ဆုတောင်းပေးတဲ့အနေနဲ့ကော အခုလိုဆုတောင်းပွဲတွေကျင်းပကြတာကို သျှမ်းသံတော်ဆင့် သတင်းထုတ်ပြန် ကြေငြာချက် မှာဖေါ် ပြထားပါတယ်။

စက်တင်ဘာလ ၂၆ ရက်နေ့ကစပြီးတော့ ငြိမ်းချမ်းစွာ မေတ္တာပို့ ကံဆောင်ကြတဲ့နိုင်ငံတဝှမ်းက ထောင်တောင်းချီ သံဃာတော်တွေကို ဗမာအာဏာပိုင်တွေကရက်စက်စွာနှိမ်နင်းခဲ့တဲ့အပြင်၊ သံဃာတော်တွေကိုလည်းအသားရေပျက်အောင်ဝါဒဖြန့်တာတွေပြုလုပ်နေတဲ့ အကြောင်းကြေငြာချက်မှာဖေါ် ပြထားပါတယ်။

ထိုင်းနယ်စပ် ပိန်းလုံမြို့နား ကုန်းကျော်ဘုန်းကြီးကျောင်းမှာ ဆုတောင်းပွဲကျင်းပရာ အနီးအနားရှိ သျှမ်းလူထုက ကုန်းကျော် သျှမ်းဒုက္ခသည်စခန်းမှာ စုပေါင်းဆုတောင်းခဲ့ကြပါတယ်။

*“နအဖစစ်အစိုးရက ပြည်သူကိုနှိပ်စက် အနိုင်ကျင့်နေတာကို ကျနော်တို့ လုံးဝကန့်ကွက်တယ်။ တက်ရောက်တဲ့လူထုက ကျောင်းဆရာနဲ့ ကျန်းမာရေးဌာန၊ ရပ်ရွာလူကြီးတွေပါမယ်။ အားလုံးလူ ၂၀၀၀ လောက်ရှိမယ်။ တနိုင်ငံလုံးအတိုင်းအတာနဲ့ ကျနော်တို့သဘောအတူတူဘဲဆိုတာ ပြတဲ့အနေနဲ့လုပ်တာဖြစ်ပါတယ်”* ဆုတောင်းပွဲတက်ရောက်သူတစ်ဦးရဲ့ ပြောပြချက်ဖြစ်ပါတယ်။

ဆုတောင်းပွဲလုပ်တာဟာ ပြည်တွင်းက ဆန္ဒပြတဲ့သူတွေနဲ့ သျှမ်းအမျိုးသားတွေ တသားထဲရှိတယ်ဆိုတာ ပြသတာဖြစ်တယ်လို့ သျှမ်းအမျိုးသမီးအဖွဲ့ နန်းဆိုင်နောင့်က အခုလို ပြောပြပါတယ်။

*“စည်းလုံးညီညွတ်မှုလဲပြတယ်။ ဆန္ဒပြလို့ မကြာခင်က ပျံလွန်တော်မူ သွားတဲ့သံဃာတော်တွေအတွက်၊ နောက်ပြီး နှစ်အဆက်ဆက်က စစ်အစိုးရနှိပ်စက်သတ်ဖြတ်လို့ ကျဆုံး/ ပျံလွန်တော်မူသွားတဲ့သျှမ်းသံဃာ တော်တွေအားလုံးအတွက် ရည်စူးဂုဏ်ပြုတဲ့ ဆုတောင်းပွဲဖြစ်ပါတယ်။”*

ပျံလွန်တော်မူတဲ့သံဃာတော်တွေအပြင် သျှမ်းပြည်စစ်ဆင်ရေး အတွင်းမှာ သျှမ်းတော်လှန်ရေးနဲ့ပတ်သက်ပြီး သံသယဖြစ်ခံရလို့ ဗမာစစ်တပ်က သတ်ဖြတ်ခဲ့တဲ့သျှမ်းသံဃာတော်တွေကိုလည်း ရည်စူးကြောင်း၊ ဒီဆုတောင်းပွဲတွေမှာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးကိုလည်း ရည်စူးတဲ့အကြောင်း သျှမ်းအမျိုးသမီးလှုပ်ရှားမှုပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ နန်းဆိုင်နောင့်က –

“ပျံလွန်သွားတဲ့သံဃာတွေအပြင် နိုင်ငံအတွင်းငြိမ်းချမ်းရေးအတွက် ဆုတောင်းတဲ့အချက်ထဲမှာပါတယ်။ နောက်ပြီးတောင်းဆိုမှု အနေနဲ့ တကယ့်ငြိမ်းချမ်းရေးလိုလားတဲ့ ဒီမိုကရေစီထွန်းကားဖို့ ဦးတည်တယ်ဆိုရင် စစ်မှန်တဲ့တွေ့ဆုံပွဲဖြစ်ရမယ်။ ဒေါ်စုနဲ့နအဖတွေ့ဆုံမယ်ဆိုရင်လဲကောင်းတယ်။ သျှမ်းပြည်သူတွေအနေနဲ့ တနိုင်ငံလုံးမှာ ခံစားနေရတဲ့ ပြည်သူတွေအတွက် **Solidarity** အနေနဲ့ ကိုယ့်ရဲ့အခြေအနေလည်းတင်ပြရင်း တနိုင်ငံလုံးမှာဖြစ်နေတဲ့တခြားပြည်သူတွေရဲ့အခြေအနေတွေကိုပါသိအောင် အားလုံးတခါထဲစုစုစည်းစည်းနဲ့စုပေါင်းကုသိုလ်ပြုဖို့ရည်ရွယ်ပြီး အခမ်းအနားကျင်းပရခြင်းဖြစ်ပါတယ်။

ချင်းမိုင်မြို့ ဝတ်ကူတောဝ့်ဘုန်းကြီးကျောင်းမှာလဲ သျှမ်းအမျိုးသားများက ပြည်တွင်းမှာ ပျံလွန်တော်မူသွားတဲ့ သံဃာတော်တွေအတွက်ရည်စူးပြီး ကုသိုလ်ပြု ဆုတောင်းပွဲတခု ပြုလုပ်သွားပါတယ်။

Ronald အောင်နိုင်
BBC 11/10/07

ဦးဇော်မိုးကျော်
RFA ၁၂၊၁၀၊၀၇




Photo : Saokru



Photo : Saokru

# ယွႆႈၵၢၼ်းၶမ်း ပေႉတမ်းၽဵင်ႇ?



ၸမ့်ၸၵ်းမၼ်းၸမ်၊ ႁပ်ႉငမ်လၢႆႈႁူတ့်၊ ဝႃႉပိူၼ်ႉၽိတ်းမူတ်း
မၼ်းႁူတ်ႉႁၢဝ်ႉတွၼ်း၊ မၼ်းႁွၼ်းႁမ်းၵေႃႉ–တေႃႉတၵ်းပဵၼ်လူဝ်ႉၶၢဝ်း

S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org